ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒသမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၉၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ၂၄-၂-၂၀၂၀ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာ မြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီလုပ်ငန်း တာဝန်များထမ်းဆောင်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွန်ပေား၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဆေးရုံပြသရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံတက်ရောက်ကုသရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၄)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၁၄)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၁၈)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

ပထမဦးစွာ လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းထားတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဘုန်တလန်ကျေးရွာတွင် သောက်သုံးရေ ရှားပါးသည့်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သောက်သုံးရေသန့် သွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၈။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ လိုအင်ဆန္ဒပြည့်ဝကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဘုန်တလန်ကျေးရွာတွင် သောက်သုံးရေ ရှားပါးသည့်အတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သောက်သုံးရေသွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဘုန်တလန်ကျေးရွာဟာ အိန္ဒိယ-မြန်မာနိုင်ငံနယ်စပ်ကုန်သွယ်ရေးလမ်းမပေါ်တွင်တည်ရှိ၍ ရွာသစ်သည် ကားလမ်းမပေါ်တွင်တည်ရှိပြီး ရွာဟောင်းမှာ ကားလမ်းမှ (၂)မိုင် ဝေးကွာသည့်နေရာတွင် တည်ရှိပါတယ်။ အိမ်ခြေပေါင်း (၁၃၃)အိမ်၊ လူဦးရေပေါင်း (၅၅၀)ဦးရှိရာ သောက်သုံးရေအလွန် ခက်ခဲသောကျေးရွာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုငွေကျပ် (၆၉၈)သိန်း ဖြင့် တင်ဒါအောင်မြင်သူ KL-Lung Pumh ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ရေထွက် ကျီရီယသန်း တောင်ကုန်းပေါ်မှ (၉)မိုင်အထိသာ သွယ်ယူနိုင်ခဲ့ပါတယ်။ ဖွံ့ဖြိုးရေးရန်ပုံငွေမလုံ လောက်သဖြင့် ရေသွယ်ယူရေးလုပ်ငန်းကို တစ်ပိုင်းတစ်စဖြင့် ရပ်နားကြောင်း ၈-၁၀-၂၀၁၉ ရက်နေ့ ဘုန်တလန်ရွာဟောင်း လူထုတွေ့ဆုံပွဲတွင် လူထုမှ တင်ပြကြပါတယ်။ Power Point သုံးစွဲခွင့်ပြု ပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အဲဒီဘုန်တလန် ရွာဟောင်းရဲ့အောက် (၂)မိုင်အကွာရှိ စိမ့်စမ်းရေ ကန်ထဲမှ ရေခပ်ရပါတယ်။ (၂)မိုင် ကွာဝေးပါတယ်။ အဲဒီမှာ ဝန်ထမ်းများ၊ သားဖွား ဆရာမများ၊ ကျောင်း ဆရာများ၊ နောက်ပြီး တောင်သူလယ်သမားများ အဲဒီလိုပဲ ခက်ခက်ခဲခဲနဲ့ရေကို ဆိုင်ကယ်နဲ့ တစ်ဖုံ၊ လူထမ်းနဲ့တစ်ဖုံ အဲဒီလိုပဲ ထမ်းနေရပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တွင် မြင်တွေ့ရတဲ့အတိုင်း ဤကျေးရွာဟာ တောင်ကုန်းပေါ်တွင်တည်ရှိပြီး ရေအလွန်ခက်ခဲသည့်အတွက် ရွာမှ(၂)မိုင်ဝေးကွာသည့် ရေတွင်းမှ မိခင်နှင့်ကလေးသူငယ်များ၊ ပညာရေးဝန်ထမ်းများနဲ့ ကျန်းမာရေးဝန်ထမ်းများဟာ နေ့စဉ် သောက်သုံးရေအတွက် ရေပုံးများကို ပခုံးဖြင့်လည်းကောင်း၊ ဆိုင်ကယ်ဖြင့်လည်းကောင်း ခက်ခဲစွာ ထမ်းရွက်နေသည်ကို မြင်တွေ့ရတဲ့အခါ စိတ်မကောင်းစရာ ဖြစ်ပါတယ်။ ဒါကြောင့် သောက်သုံးရေ သန့်လုံလောက်စွာ ဝဝလင်လင် သောက်သုံးနိုင်ရေးအတွက် မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း အလေးအနက် တင်ပြလိုပါတယ်။ အဲဒီလို ငွေကြေးအကုန်အကျများစွာဖြင့် အတိုင်း အတာတစ်ခုအထိ ဆောင်ရွက်ပေးပြီးဖြစ်၍ ဘုန်တလန်ရွာဟောင်းအထိရောက်ရန် (၄)မိုင်(၅)ဖာလုံ သာကျန်ရှိသည်။ ဤကျန်ရှိသော (၄)မိုင် (၅)ဖာလုံအား သွယ်ယူပေးနိုင်ပါက ရွာလူထုမှ တောင့်တ မျှော်လင့်နေသော သောက်သုံးရေသန့်ကို လုံလောက်စွာ ရရှိခံစားနိုင်ကြမည် ဖြစ်ပါတယ်။ ဒါကြောင့်မို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မဖြစ်ဖြစ်အောင် ရန်ပုံငွေခွဲဝေ ချထားပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ နယ်စပ်ရေးရာ ပြည်ထောင်စုဝန်ကြီးအား အလေးအနက် စဉ်းစားပေးရန် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဘုန်တလန်ကျေးရွာမှ (၂)မိုင်ဝေးကွာသော ရေထွက်သည့် ရေတွင်းမှ ရေကိုခက်ခဲစွာ သယ်ယူနေရသည့် မြင်ကွင်းပုံ (ခ)




ဘုန်တလန်ကျေးရွာမှ (၂)မိုင်ဝေးကွာသော ရေထွက်သည့် ရေတွင်းမှ ရေကိုခက်ခဲစွာ သယ်ယူနေရသည့် မြင်ကွင်းပုံ (ခ-၁)



ဘုန်တလန်ကျေးရွာမှ (၂)မိုင်ဝေးကွာသော ရေထွက်သည့် ရေတွင်းမှ ရေကိုခက်ခဲစွာ သယ်ယူနေရသည့် မြင်ကွင်းပုံ (ခ-၂)



**ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါဖုကျေးရွာအုပ်စုအတွင်းရှိ ဒေါဖု – ဘိုးလျား ကျေးရွာချင်းဆက်မြေသားလမ်းအား (၁၂)ပေအကျယ် ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဦးဘော်ရယ်စိုးဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ ဖြစ်ပါ တယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါဖု ကျေးရွာအုပ်စုအတွင်းရှိ ဒေါဖု–ဘိုးလျား ကျေးရွာချင်းဆက်မြေသားလမ်းအား (၁၂)ပေအကျယ် ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းဟာ ဒေါဖု ကျေးရွာနှင့် ဘိုးလျားကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး အရှည်(၄)မိုင် (၁)ဖာလုံ ရှိပါတယ်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လ ဘတ်ဂျက်မှာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် မြေသားလမ်းအဖြစ်သို့ ဆောင်ရွက်ပေးပြီး ဖြည့်စွက်ရန်ပုံငွေဖြင့် လိုအပ်သော Box Culvert (၈)စင်းကိုလည်း တည်ဆောက်ပေးပြီးဖြစ်ပါတယ်။ မတ်စောက်တဲ့ တောင်ပေါ်လမ်းဖြစ်ပြီး ရေတိုက်စားမှုကြောင့် ယခုအခါ ပြန်လည်ပျက်စီးနေပြီဖြစ်သောကြောင့် ဒီးမော့ဆိုမြို့နယ်၊ ဒေါဖု–ဘိုးလျား ကျေးရွာချင်းဆက်မြေသားလမ်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် (၁၂)ပေအကျယ် ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက် ပေးမည်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရှိ စင်ကြိုင် – ဂူခန် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်း အဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဇယ်ခေါင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၄။**

**ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုမင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းသွားမယ့် မေးခွန်းကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် အတွင်းရှိ ဝိုင်းမော်–ဆဒုံး–ကန်ပိုက်တီလမ်းမကြီးပေါ်ရှိ စင်ကြိုင်–ဂူခန် ကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ ဂူခန်ကျေးရွာသည် ၁၀၀၃ နယ်ခြား စောင့်တပ် တည်ရှိရာဒေသရှိ ဝမ်ချုံး၊ စင်ကြိုင်၊ ဂူခန်ကျေးရွာချင်းဆက် မြေသားလမ်းတစ်ခုတည်း ကိုသာ အားကိုးအားထား ပြုနေရသောကျေးရွာဖြစ်ပါတယ်။ နယ်စပ်ဒေသ တောင်တန်းပေါ်ရှိပြီး မိုးများသောဒေသဖြစ်သောကြောင့် မိုးတွင်းကာလ ပြည်သူများ ပညာရေး၊ ကျန်းမာရေး ဝန်ထမ်းများ သွားလာရခက်ခဲသောဒေသ ဖြစ်ပါတယ်။ ဒီလမ်းကို ကျောက်ချောလမ်းခင်းပေးနိုင်ပါက ကျေးရွာ(၉) ရွာ ဒေသခံပြည်သူ (၃၀၀၀)ခန့် အကျိုးပြုမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နယ်စပ်ရေးရာဝန်ကြီးဌာနအား မေးမြန်းလိုသည်မှာ ဝိုင်းမော်–ဆဒုံး–ကန်ပိုက်တီ လမ်းမကြီးကို လာရောက်ဆက်သွယ်သော စင်ကြိုင်–ဂူခန် ကျေးရွာချင်းဆက် မြေသားလမ်း (၈)မိုင် အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိအား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၅။**

**ဗိုလ်ချုပ်သန်းထွဋ်ြ (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်ြ မှ ကျွန်တော်တို့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ၏ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဘုန်တလန်ကျေးရွာမှာ သောက်သုံးရေရှားပါးတဲ့ အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သောက်သုံးရေသန့် သွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ခရိုင်မြို့နယ်များ၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျွန်တော်တို့ အဆိုပြုလျာထားနိုင်ရေးအတွက် စီမံကိန်းများ ရေးဆွဲခဲ့ပါတယ်။ ဒီလို စီမံကိန်းများရေးဆွဲရာမှာ အကန့်အသတ်ဖြင့် ကျွန်တော်တို့ ရရှိတဲ့ဘတ်ဂျက် အတိုင်းအတာအတွင်း မှာ ခရိုင်၊ မြို့နယ်အလိုက် ဘက်ညီမျှတစေရေး ဦးစားပေးအစီအစဉ်များအလိုက် အသုံးစရိတ်များကို ကျွန်တော်တို့ ခွဲဝေလျာထားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ကြိုးပမ်းအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ထန်တလန်မြို့နယ်၊ ဘုန်တလန်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ချင်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြည်နယ်ရန်ပုံငွေ ကျပ်(၆၆.၃၈၁၂၅)သန်းဖြင့် ရေထွက်ကျီရီယသန်း တောင် ကုန်းပေါ်ကနေ (၉)မိုင်အကွာအဝေးရှိတဲ့ ဘုန်တလန်ရွာသစ်အထိ ရေရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ဘုန်တလန်ရွာဟောင်းအထိရောက်ရှိဖို့က (၂)မိုင်ခန့် လိုအပ်ကြောင်းကိုလည်း ကျွန်တော်တို့ သိရပါတယ်။ အဆိုပါ ဘုန်တလန်ရွာဟောင်း ရေရောက်ရှိရန် လိုအပ်တဲ့(၂)မိုင်အတွက် ဒေသဖွံ့ဖြိုးရေး ကြီးကြပ်ရေးရုံးမှ ကွင်းဆင်းတိုင်းတာ စစ်ဆေးရာမှာ ဘုန်တလန်ရွာဟောင်းဟာ မူလရေသွယ်တန်းထားတဲ့နေရာကနေ ခန့်မှန်းအမြင့်ပေ (၈၅၀)အထက်မှာ တည်ရှိနေပါတယ်။ ရေ ရောက်ရှိမှုမရှိနိုင်ကြောင်းနဲ့ အခြားရေထွက်နေရာရှာဖွေပြီး မြင့်တဲ့နေရာမှ ရေသွယ်ယူမှသာလျှင် ရေရောက်ရှိနိုင်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့်မို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ သောက်သုံးရေ သွယ်ယူပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာ ဌာနတို့ ပူးပေါင်းပြီး ဘုန်တလန်ကျေးရွာဟောင်း ရေရရှိနိုင်ရေးအတွက် ဖြစ်နိုင်စွမ်းအားရှိသော နည်းလမ်းရှာဖွေ၍ ကုန်ကျမယ့် ရန်ပုံငွေအား ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သင့်တော်သည့်

ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားခြင်းဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့၏ကိုယ်စား ဖြေရှင်းချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၂) ဖြစ်ပါတယ်။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ ရဲ့ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါဖုကျေးရွာ အုပ်စုအတွင်းရှိ ဒေါဖု–ဘိုးလျား ကျေးရွာချင်းဆက် မြေသားလမ်းအား (၁၂)ပေအကျယ် ကျောက်ချော လမ်း သို့မဟုတ် ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ဒီးမော့ဆိုမြို့နယ်၊ ဒေါဖုကျေးရွာအုပ်စု၊ ဒေါဖု–ဘိုးလျား ကျေးရွာချင်းဆက်လမ်းအား ကျေးရွာ(၂)ရွာ၊ အိမ်ခြေ (၁၀၈)အိမ်နဲ့ လူဦးရေ(၅၂၃)ဦးကို အကျိုးပြု နိုင်မယ့်လမ်းပိုင်း ဖြစ်ပါတယ်။ အဆိုပါ ဒီးမော့ဆိုမြို့နယ်၊ ဒေါဖု–ဘိုးလျားကျေးရွာချင်းဆက်လမ်း ပိုင်းကို ကျွန်တော်တို့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ် ရန်ပုံငွေဖြင့် မြေလမ်း(၄/၁)မိုင်နှင့် (၄)ပေ Box Culvert (၈)စင်း တည်ဆောက်ပေးခဲ့ပါတယ်။ ၎င်းလမ်းမှာ တောင်ပေါ်ဒေသ မြေလမ်းအဆင့်သာရှိတဲ့အတွက် ကျောက်ချောလမ်းအဆင့် မြှင့်တင် နိုင်ရန် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကျွန်တော်တို့ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ကစတင်ပြီး ကျောက်လမ်း(၂)မိုင်နှင့် Box Culvert (၂)စင်းတို့ကို လျာထားတင်ပြသွားမည်ဖြစ်ပါ ကြောင်းနှင့် ကျန်ရှိသည့်အပိုင်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် လျာထားတင်ပြဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၃) ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင် ရဲ့ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ စင်ကြိုင် – ဂူခန် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ကချင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ငွေကျပ်(၆၄၀၁.၈၉၄)သန်းဖြင့် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဝိုင်းမော် မြို့နယ်၊ စင်ကြိုင်–ဂူခန် ကျေးရွာချင်းဆက်လမ်း လမ်းသားချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်း (၈)မိုင်၊ ကွန်ကရစ်တံတား(၅၀)ပေ တစ်စင်း၊ (၄၀)ပေ တစ်စင်း၊ (၁၀)ပေ တစ်စင်း၊ Box Culvert (၁၁)စင်း၊ Pipe Culvert (၃)စင်းတို့ကို ဆောင်ရွက်ပေးရန် လွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင် မှ စီမံကိန်း အဆိုပြုလွှာဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနကို တင်ပြလာခဲ့ပါတယ်။ တင်ပြလာတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် စီမံကိန်းလျာထားချက်မှာ အဆိုပြု

ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ၎င်းလုပ်ငန်းများအား ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းဦးစားပေးအစီအစဉ်အရသာ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ အမှတ်(၂)ရပ်ကွက်ရှိ လိပ်ကုန်း(၂) အခြေခံပညာအလယ်တန်းကျောင်းတွင် (၁၃၀x၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုသည့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းတွင် (၁၃၀ x ၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့်မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ ဆမီးမြို့ အမှတ်ရပ်ကွက်ရှိ (၂) အခြေခံပညာအလယ်တန်းကျောင်းတွင် အလယ်တန်းအဆင့်သင် ကျောင်းသူ၊ ကျောင်းသားများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန် ကျောင်းဆောင်သစ်တစ်ဆောင် လိုအပ်လျက်ရှိပါတယ်။ လက်ရှိတွင်

ပေ သွပ်မိုး၊ ပျဉ်ခင်း ပျဉ်ကာကြမ်းခင်းဆောင် (၃၀ x ၆၀) အခြေခံပညာမူလတန်းအဆင့်သင် တစ်ဆောင်သာရှိပါတယ်။ အလယ်တန်းအဆင့်သင် ကျောင်းဆောင်မရှိသည့်အတွက် ကိုယ်ထူ ကိုယ်ထ ဝါးအိမ်တဲဖြင့်ဆောက်ပြီး ပညာသင်ယူနေကြရပါတယ်။ လက်ရှိ အလယ်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေကြသည့် ယာယီကျောင်းဆောင်လည်း ပြီးစီးနေပြီ ဖြစ်ပါတယ်။ ဝါးနှင့် ဆောက်လုပ်တဲ့ ကျောင်းဆောင်ပုံကိုလည်း သက်ဆိုင်ရာဌာနသို့ ပေးပို့ပြီး ဖြစ်ပါတယ်။ အခြေခံပညာ အလယ်တန်းကျောင်းဆောင် ဆောက်လုပ်နိုင်ရန်အတွက်လည်း မြို့နယ် ပညာရေးမှူးရုံးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ တင်ပြပြီးဖြစ်ပါတယ်။ ၂၀၁၉ ဘဏ္ဍာနှစ် ၂၀၂၀-ပလက်ဝမြို့နယ်တွင် ကျောင်းဆောင်ပေါင်း ဆောင်သစ် ဆောက်လုပ်ပေးရန် ဆောင် ကျောင်း(၁၅၂) တင်ပြတောင်းခံသော်လည်း ဆောင်သာ ချထားဆောင်ရွက်ပေး (၅)ကျောင်းနှင့် ဝန်ထမ်းအိမ်ရာ(၆) ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆမီးမြို့ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း လိပ်ကုန်း(၂)တွင် လိုအပ်လျက်ရှိသည့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးပါက အလယ်တန်း အဆင့်သင် ကျောင်းသူ၊ ကျောင်းသားများ လုံခြုံစွာ ပညာသင်ယူနိုင်မည်ဖြစ်ပါတယ်။ ဒေသခံပြည်သူ များရဲ့ တင်ပြချက်၊ ဒေသလိုအပ်ချက်အရ အခြေခံပညာ အလယ်တန်းကျောင်း လိပ်ကုန်း(၂)တွင် လိုအပ်သည့် (၁၃၀ x ၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ပါရန် ဒေသခံ ပြည်သူများ၏ကိုယ်စား လွှတ်တော်မှတစ်ဆင့် တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်းတွင် (၁၃၀ x ၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်မြို့၊ ဇရပ်ပြင် အခြေခံပညာအထက်တန်းကျောင်း၏ နှစ်ထပ်ကျောင်းဆောင်သည် အန္တရာယ်ရှိသောကျောင်းဆောင်အဖြစ် ရောက်ရှိနေပါသဖြင့် ဆောက် လုပ်ရန် လိုအပ်လျက်ရှိသည့် ကျောင်းဆောင်များအား နှစ်အလိုက် ဦးစားပေးပြီး လာမည့် ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းနှင့်ကိုက်ညီသည့် (၁၅၀ x ၃၀)ပေ သို့မဟုတ် စံကိုက်နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဦးစားပေးအဖြစ် သတ်မှတ်ပြီး ပြန်လည် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၃။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရမ်းဗြဲမြို့နယ်၊ လေးတောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ဇရပ်ပြင်တွင် နှစ်ထပ်ကျောင်းဆောင်ဟာ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် ကျရောက်နေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လာမယ့်ဘဏ္ဍာနှစ်တွင် အခြေခံပညာအထက်တန်းကျောင်းနှင့်ကိုက်ညီတဲ့ (၁၅၀ x ၃၀)ပေ စံကိုက် နှစ်ထပ်ကျောင်းဆောင်သစ် (၁)ဆောင် ဆောက်လုပ်ပေးရန်နှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

အခြေခံပညာအထက်တန်းကျောင်း ဇရပ်ပြင်ဟာဆိုလို့ရှိရင် ကျောင်းသူ၊ ကျောင်းသား (၃၂၆)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ဒီပင်မကျောင်းဆောင်ကို ၁၉၈၁ ခုနှစ်မှာ အခြေခံပညာအထက်တန်းကျောင်း အဆင့်မမြှင့်ခင် အလယ်တန်းကျောင်းဆောင်ရှိကတည်းကနေပြီး မိဘပြည်သူများဟာ ကိုယ့်အားကိုယ်ကိုး တွဲဖက်အထက်တန်းကျောင်းကို ဆောင်ရွက်ပြီးတော့ ပညာသင်ကြားခဲ့ရပါတယ်။ ယခုလက်ရှိ ပင်မဆောင်ဟာ (၃၈)နှစ်ကျော် ကြာလွန်ခဲ့တဲ့အတွက်ကြောင့်မို့လို့ လက်ရှိမှာ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် ကျရောက်လို့နေပါပြီ။ အထက်တန်းကျောင်း ဇရပ်ပြင်မှာဆိုလို့ရှိရင် နှစ်ထပ်ကျောင်းဆောင် (၃)ဆောင်ရှိပါတယ်။ (၃)ဆောင်ရှိပေမယ့်လည်း (T)ပုံစံတစ်ဆက်တည်း ဆောက်ထားတဲ့အတွက်ကြောင့်မို့လို့ အပြင်ပန်းကြည့်လို့ရှိရင် အဆင်ပြေတယ်လို့ ထင်ရပါတယ်။ ဒါပေမဲ့ ဒီကျောင်းကို (၁၂၀ x ၃၀)ပေကို ဆောက်တဲ့အခါမှာ ရန်ပုံငွေနည်းပါတယ်။ ကျပ်(၄၅)သိန်းဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်မှာ တည်ဆောက်ပြီးတော့ ပြည်သူထည့်ဝင်ငွေ ကျပ်(၁၅)သိန်းဖြစ်ပါတယ်။

ဒုတိယကျောင်းဆောင်က (၁၂၀ x ၃၀)ပေ ရှိပါတယ်။ ဌာနရန်ပုံငွေ ကျပ်(၇၈)သိန်းဖြစ်ပြီးတော့ ပြည်သူထည့်ဝင်ငွေက ကျပ်(၂၀)သိန်းဖြစ်ပါတယ်။ နောက်ဆုံးဆောက်ခဲ့တဲ့အဆောင်ကတော့ ၂၀၀၄ ခုနှစ်မှာ ဖြစ်ပါတယ်။ ပေ(၁၅၀) ရှိပြီး ပြည်သူထည့်ဝင်ငွေ ကျပ်(၂၅)သိန်း၊ ဌာနရန်ပုံငွေ ကျပ်(၁၂၀)သိန်းနဲ့ တည်ဆောက်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒီကျောင်းဆောင်တွေကို ဆောက်လုပ်ခဲ့စဉ်ကတည်းက ရန်ပုံငွေ နည်းပါးတယ်။ ဆောက်လုပ်ခဲ့တဲ့အခါမှာလည်း နည်းပညာတွေ အားနည်းခဲ့တယ်။ နှစ်ကလည်း ကြာမြင့်ခဲ့ပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယခုအချိန်မှာဆိုရင် ဟောင်းနွမ်းပျက်စီးလျက်ရှိနေပါပြီ။ ဒါ နှစ်ထပ်ကျောင်းဆောင် (၃)ဆောင်ရဲ့ ပင်မကျောင်းဆောင်ကနေပြီး နှစ်ဆောင် ဆက်ထားတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒီအတိုင်းကြည့်မယ်ဆိုလို့ရှိရင် အပေါ်မှာဟိုဘက်ပုံမှာ မြင်ရပါတယ်။ တံခါးတချို့က ပိတ်လို့မရတော့ပါဘူး။ ဖွင့်ထားတဲ့တံခါး ဆိုလို့ရှိရင် ပြန်ပိတ်လို့မရတော့ပါဘူး။ ပိတ်ထားတဲ့တံခါးက ဖွင့်လို့မရပါဘူး။

ဒါကတော့ ပင်မကျောင်းဆောင်ရဲ့ အောက်ထပ် ဖြစ်ပါတယ်။ အောက်ထပ်မှာ ဟိုဘက်အခြမ်းဆိုလို့ရှိရင် သုံးထားပြီးသားပစ္စည်းတွေကို စုပုံထားရတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒီဘက်က စာသင်နေရပါတယ်။ စာသင်ဖို့အခန်းမလုံလောက်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ပင်မကျောင်းဆောင်ရဲ့ အောက်ထပ်တွေ ဖြစ်ပါတယ်။ အခြေအနေတွေကတော့ ဂိုဒေါင်ပုံစံမျိုးတွေ ဖြစ်နေပါတယ်။ ကျွန်မကိုယ်တိုင်သွားပြီးတော့မှ ဒါကိုလေ့လာခဲ့ပါတယ်။ ဝရန်တာအပေါ်ထပ်ဆိုလို့ရှိရင် ကလေးတွေလာမှာစိုးလို့ ဟိုဘက်ကပုံမှာ ဖော်ပြထားတဲ့အတိုင်း ပိတ်ထားရပါတယ်။ ဒါကို လှန်ကြည့်လိုက်မယ်ဆိုရင် ပျဉ်တွေကတော်တော်ကို ဆွေးနေပါပြီ။ သွားလို့လာလို့ အဆင်မပြေတော့ပါဘူး။ ဒါ ပတ်ဝန်းကျင်မှာရှိတဲ့ ကျောင်းဆောင်တွေဖြစ်ပါတယ်။ ဒီကျောင်းဆောင် အကုန်လုံးက တော်တော်ဟောင်းနွမ်းနေတဲ့အဆောက်အအုံတွေ ဖြစ်ပါတယ်။ တံခါးတွေဆိုလို့ရှိရင်တော့ ပြုပြင်ထားပါတယ်။ များသောအားဖြင့် ပညာရေးကိုလိုလားတဲ့ မိဘတွေမို့လို့ အတတ်နိုင်ဆုံး ကျောင်းကို သူတို့ ဆေးသုတ်တာတို့၊ ပြင်ဆင်တာတို့ကို ပြင်ဆင်ကြပါတယ်။

ဒါလည်း သုံးလို့မရတော့တဲ့ ကျောင်းဆောင်တွေ ဖြစ်ပါတယ်။ အပေါ်ထပ်တက်တဲ့ လှေခါးကနေပြီး ကျောင်းဝင်းအခြေအနေ ဖြစ်ပါတယ်။ ဒါ ကျွန်မတို့ ကျောင်းသားတွေ Assembly လုပ်တဲ့ ဦးဖြူဦးခန်းမ ဖြစ်ပါတယ်။ ဒီအတိုင်းကြည့်လို့ရှိရင်တော့ ဆေးတွေသုတ်ထားတဲ့အတွက်ကြောင့် အဆင်ပြေတယ်ထင်ရပေမယ့် ဒီမှာ ကျောင်းသားတွေကို တစ်ပြိုင်တည်း၊ တစ်ချိန်တည်းနဲ့ ကျောင်းသားတွေကို စုလို့မရပါဘူး။ အတန်းလိုက်၊ အခန်းလိုက်ပဲနေပြီး စုလို့ရပါတယ်။ များလို့ရှိရင်တော့ ဒီကျောင်းဟာ ယိုင်ပါတယ်။ ဒီတံခါးတွေဆိုလို့ရှိရင်လည်း ပုံမှာဖော်ပြထားတဲ့အတိုင်းပါပဲ။ ဒါကြောင့်မို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အထက်တန်းကျောင်း ဇရပ်ပြင်မှာ လိုအပ်တဲ့ကျောင်းဆောင်များကို လာမယ့်ဘဏ္ဍာနှစ်မှာ ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

ရမ်းဗြဲမြို့နယ်၊ ဇရပ်ပြင်၊ အခြေခံပညာ အထက်တန်းကျောင်း၏ မြင်ကွင်းပုံ (န)



ရမ်းပြဲမြို့နယ်၊ ဇရပ်ပြင်၊ အခြေခံပညာ အထက်တန်းကျောင်း၊ ပင်မဆောင် အောက်ထပ် မြင်ကွင်းပုံ (န-၁)



ရမ်းပြဲမြို့နယ်၊ ဇရပ်ပြင်၊ အခြေခံပညာ အထက်တန်းကျောင်း၊ ဦးဖြူဦး ခန်းမ မြင်ကွင်းပုံ (န-၂)




**အချိန်၊ ၁၀:၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၇။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း ပို့သအပ် ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ရဲ့ မေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ လိပ်ကုန်း(၂) အခြေခံပညာအလယ်တန်းကျောင်းတွင် (၁၃၀ x ၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ် ပြန်လည်ဖြေကြားခွင့်ပြုပါရန်နှင့် Power Point အသုံးပြု ရှင်းလင်းဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေခွဲဝေပေးမှုမှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းမှာ အန္တရာယ်ရှိကျောင်းဆောင်ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ရန် (၃)ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့ အသစ်ဆောက်လုပ်ရန် (၃)ကျောင်း၊ ဝန်ထမ်းအိမ်ရာ(၅)ဆောင်၊ စုစုပေါင်း အဆောက်အအုံ (၁၁)ခုအတွက် ငွေကျပ်(၁၂၄၅.၁၂၀)သန်း ခွဲဝေဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ လိပ်ကုန်း(၂) အခြေခံပညာ အလယ်တန်းကျောင်းတွင် (၉၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင်(၁)ဆောင်၊ (၂၅ x ၁၈) ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင် (၂)ဆောင် စုစုပေါင်းကျောင်းဆောင် (၃)ဆောင်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူအနေနဲ့ မူလတန်းအဆင့်ပညာသင်ယူနေသော ကျောင်းသားဦးရေ (၆၄)ဦး၊ အလယ်တန်းအဆင့် ပညာသင်ယူနေသော ကျောင်းသားဦးရေ(၆၄)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၁၂၈)ဦး ပညာသင်ယူလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ပလက်ဝမြို့နယ်၊ ဆမီးမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ လိပ်ကုန်း(၂) အခြေခံပညာအလယ်တန်းကျောင်းမှာ လိုအပ်လျက်ရှိတဲ့ ကျောင်းဆောင်တွေအတွက် (၁၂၀ x ၃၀)ပေ **Steel Structure** နှစ်ထပ်ဆောင် ဆောက်လုပ်ပေးရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်အောက်တွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ ကျောင်းသား၊ ကျောင်းသူ(၁၂၈)ဦးပဲ ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဦးစားပေးပြီး စိစစ်ထည့်သွင်း လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ၏ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်မြို့၊ ဇရပ်ပြင် အခြေခံပညာအထက်တန်းကျောင်း၏ နှစ်ထပ်ကျောင်းဆောင်သည် အန္တရာယ်ရှိကျောင်းဆောင်အဖြစ် ရောက်ရှိနေတဲ့အတွက် ဆောက်လုပ်ရန် လိုအပ်လျက်ရှိတဲ့ ကျောင်းဆောင်တွေကို နှစ်အလိုက်ဦးစားပေးပြီး လာမည့် ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာအထက်တန်းကျောင်းနှင့် ကိုက်ညီသည့် (၁၅၀ x ၃၀)ပေ သို့မဟုတ် စံကိုက် နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေ ခွဲဝေပေးမှုမှာ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်အတွင်းမှာ လွှတ်တော်ကတိကဝတ်အရ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် (၃)ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင်ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ပေးရန် (၂)ကျောင်း၊ တိုးချဲ့ကျောင်းဆောင်အသစ်ဆောက်လုပ်ရန် (၅)ကျောင်း၊ ဝန်ထမ်းအိမ်ရာ (၂)ဆောင်၊ စာကြည့်တိုက် + မီဒီယာခန်းမဆောက်လုပ်ရန် (၁)ကျောင်း စုစုပေါင်း ကျောင်းဆောင် (၁၃)ဆောင်အတွက် ငွေကျပ်(၁၁၂၅.၃)သန်း ခွဲဝေဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါကျောင်းမှာ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ဇရပ်ပြင် အခြေခံပညာအထက်တန်းကျောင်းတွင် (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင် (၂)ဆောင်နှင့် အန္တရာယ်ရှိကျောင်းဆောင်ဖြစ်တဲ့ (၁၅၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင် (၁)ဆောင် စုစုပေါင်း ကျောင်းဆောင် (၃)ဆောင်ရှိပါတယ်။

ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ မူလတန်းအဆင့် သင်ယူနေသော ကျောင်းသားဦးရေ(၄၁)ဦး၊ အလယ်တန်းအဆင့် ပညာသင်ယူနေသော ကျောင်းသားဦးရေ(၁၇၁)ဦး၊ အထက်တန်းအဆင့် ပညာသင်ယူနေသောကျောင်းသားဦးရေ(၁၀၉)ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၃၂၁)ဦး ပညာသင်ယူလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဇရပ်ပြင် အခြေခံပညာအထက်တန်းကျောင်းရဲ့ အဝင်ပေါက် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပိတောက်ဆောင် (၁၂၀ x ၃၀)ပေ အုတ်ညှပ် နှစ်ထပ်ဆောင်ဖြစ်ပါတယ်။ (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် စိန်ပန်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ (၁၅၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင် အန္တရာယ်ရှိကျောင်းဆောင်ဖြစ်ပါတယ်။ ကျွန်တော်တို့ အုတ်ဖိနပ်ဟာဆိုလို့ရှိရင် အခြေအနေဆိုးဝါးနေတာကိုလည်းတွေ့ရပါတယ်။ ဒါကြောင့်မို့ (၁၅၀ x ၃၀)ပေ နှစ်ထပ်ကျောင်းဆောင်ဟာ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် သတ်မှတ်ဖို့အတွက် ပြည်နယ်အစိုးရအဖွဲ့ သဘောထားနဲ့အညီ လုပ်ထုံးလုပ်နည်းနဲ့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေနဲ့ ရမ်းဗြဲမြို့နယ်၊ ဇရပ်ပြင် အခြေခံပညာအထက်တန်းကျောင်းမှာ လိုအပ်နေသော (၁၅၀ x ၃၀) ပေ RC နှစ်ထပ်ဆောင် (၁)ဆောင် ဆောက်လုပ်ပေးရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်အောက်တွင် မြို့နယ်ဦးစားပေး အစီအစဉ်အရ ဦးစားပေးအနေနဲ့ ကျွန်တော်တို့ စိစစ်ထည့်သွင်း လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ ပန်လုံမြို့တွင် နွေရာသီကာလ သောက်သုံးရေ သိုလှောင်နိုင်မည့် ရေဂါလန်(၃၃)သိန်းဆံ့ ကြာကန် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် ရေဂါလန်(၈)သိန်းဆံ့ ကျောက်စီရေလှောင်ကန်(၁)လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၄။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်တွင် နှစ်စဉ်ကြုံတွေ့နေရသော နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု ကာကွယ်ထိန်းသိမ်းနိုင်ရန်၊ ပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲခွင့်ရရှိရန် ဤမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဟိုပန်မြို့နယ် တောင်ပေါ်မြို့ဖြစ်သော ပန်လုံမြို့တွင် နှစ်စဉ် သောက်သုံးရေ ရှားပါးမှုနှင့် ကြုံတွေ့နေရပါသဖြင့် ၁၃-၆-၂၀၁၉ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဆည်မြောင်းဝန်ထမ်းများ၊ မြို့မိမြို့ဖများ စုပေါင်းကွင်းဆင်းခဲ့ပါတယ်။ ကွင်းဆင်းသုံးသပ်ချက်အရ မိုးရာသီ ရေထွက် ရေပေါများချိန်တွင် ရေစုကန်၊ ရေလှောင်ကန်များဖြင့် ရေစုဆောင်း၍ နွေရာသီကာလ ရေပြတ်လပ်မှုကို ကာကွယ်ရန် ဆုံးဖြတ်ကြပါတယ်။ လက်ရှိ ရေစုကန်ဖြစ်သော (၄)ပေအနက်ရှိ ကြာကန်ကို (၁၆)ပေအနက် ထပ်မံတူးဖော်ခြင်း (၁၇၀)ပေပတ်လည် အကျယ်အဝန်း တူးဖော်၍ ကန်အောက်ခြေမြေသားကို ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်းဖြင့် ရေဂါလန် (၃၃)သိန်းခန့်

သိုလှောင်ထားနိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် ရေဂါလန်(၈)သိန်းခန့် သိုလှောင်နိုင်မည့် (၁၃၀ x ၆၅)ပေအကျယ် ကျောက်စီရေလှောင်ကန်တစ်ခုကိုလည်း ထပ်မံဆောက်လုပ်ရန် လိုအပ်နေပါတယ်။

သို့ဖြစ်ပါ၍ ဟိုပန်မြို့နယ်၊ ပန်လုံမြို့ ဒေသခံတိုင်းရင်းသားများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် အောက်ပါမေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ ပန်လုံမြို့တွင် နွေရာသီကာလ သောက်သုံးရေ သိုလှောင်နိုင်မည့် ရေဂါလန် (၃၃)သိန်းဆံ့ ကြာကန်ပြုပြင် မွမ်းမံခြင်းလုပ်ငန်းနှင့် ရေဂါလန် (၈)သိန်းဆံ့ (၁၃၀ x ၆၅ )ပေ ကျောက်စီရေလှောင်ကန်(၁)လုံး ဆောက်လုပ်ပေးမည့် အစီအစဉ်များကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းမြို့နယ်၊ ကာဘိုးဆည်ရေ၊ လှတောလက်တံ(၅)တူးမြောင်း ရေဖျားသောက် လယ်ကွင်းများအား မူးမြစ် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၇။**

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၇။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ စစ်ကိုင်းမြို့နယ်၊ ကာဘိုးဆည်ရေ၊ လှတောလက်တံ(၅) တူးမြောင်းရေဖျားသောက် လယ်ကွင်းများအား မူးမြစ် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းပဲ ဖြစ်ပါတယ်။ မေးခွန်း မေးမြန်းရတဲ့ အကြောင်းရင်းကတော့ စစ်ကိုင်းမြို့နယ်အတွင်းရှိ မင်းရွာအုပ်စု၊ သားပျောက်ကုန်းအုပ်စု၊ ပေါက်မအုပ်စု၊ ထန်းတောဆိပ်အုပ်စု၊ သာဇင်အုပ်စုစတဲ့ အုပ်စုပိုင်ကွင်းအတွင်းရှိ လယ်ဧက (၅၅၀၀)ကျော်ကို နှစ်စဉ် မျိုးစပါးသီးနှံအဖြစ် စိုက်ပျိုးလုပ်ကိုင်ခဲ့ပါတယ်။ ၎င်းလယ်များဟာ ကာဘိုးဆည်ရေ၊ လှတောလက်တံ(၅) တူးမြောင်းမှ ဆည်ရေအဖျားသောက်လယ်မြေများဖြစ်ပါတယ်။ မိုးများစွာရွာသွန်းချိန်မှာ လှတောလက်တံ(၅) တူးမြောင်းဆည်ရေမှာ ပြည့်လျှံနေပြီး မိုးရွာသွန်းမှု ရပ်ဆိုင်းသွားပါက ဆည်ရေရရှိမှုမှာ ကျဆင်းသွားပြီး တောင်သူလယ်သမားများ အခက်ကြုံတွေ့ကြရပါတယ် ။

မုံရွာ-ရွှေဘို ဖြတ်လမ်း ကားလမ်းမရဲ့တောင်ဘက် ဝက်လက်မြို့နယ် ရွာတော်ကျေးရွာအုပ်စုအနီးတဝိုက်မှာ လှတောလက်တံ(၅)တူးမြောင်းကြီးမှာ နှစ်စဉ် ရေပြည့်လျှံနေပြီး ၎င်းအုပ်စုရဲ့ တောင်ဘက် စစ်ကိုင်းမြို့နယ်အပိုင်းကို ရောက်ရှိလာတဲ့အခါမှာ ဆည်ရေပေးဝေမှု ကျဆင်းပြီး ရေသောက်ပွန်များမှ ဆည်ရေမတက်တော့ပါ။ ထိုသို့ မတက်ရတဲ့အကြောင်းရင်းက ဝက်လက်မြို့နယ်၊ ရွာတော်ကျေးရွာအုပ်စု တောင်ဘက်အနီးတဝိုက်မှာ ပွန်ကြီး၊ ပွန်ငယ်၊ ပွန်ပိုများ တပ်ဆင်ထားပါသဖြင့် စစ်ကိုင်းမြို့နယ်အပိုင်းမှာ ရေစီးမှုနည်းပါးသွားပါတယ်။ သို့အတွက် စိုက်ပျိုးထားတဲ့ လယ်များ စပါးသီးနှံ အောင်မြင်မှုမရှိဘဲ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ကြရပါတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပြည်သူ့ကောင်စီခေတ်က စစ်ကိုင်းမြို့နယ်၊ မင်းရွာအုပ်စု၊ သားပျောက်ကုန်းအုပ်စု၊ ပေါက်မအုပ်စု၊ ထန်းတောဆိပ်အုပ်စုရှိ တောင်သူလယ်သမားများဟာ မိမိတို့ရဲ့ လူအင်အား၊ ပေါက်ပြား၊ ပေါက်ချွန်းတွေနဲ့ ထန်းတောဆိပ်အုပ်စု ရွှေစည်းခုံကျေးရွာ အရှေ့ဘက်မှ လှတောလက်တံ(၅)၊ မိုင်းတာ (၄)ထိ တူးမြောင်းအရှည် (၁)မိုင်ခွဲခန့်အား တူးမြောင်းတူးပြီး မူးမြစ်ကနေပြီး အင်ဂျင်စက်နဲ့ စမ်းသပ်ပြီးရေတင်ခဲ့ရာ အောင်မြင်မှုရှိသည်ကို တွေ့ရှိခဲ့ရပါတယ်။ သို့သော် စက်မှုအင်အားမပါဘဲ လူဖြင့်ဆောင်ရွက်ခဲ့ရတဲ့အတွက်ကြောင့်မို့ ရေရှည်ခိုင်ခံ့မှုမရှိဘဲ ရပ်ဆိုင်းခဲ့ရပါတယ်။ နိုင်ငံတော်အနေနဲ့ မူးမြစ် မြစ်ရေတင် စီမံကိန်းကို ဆောင်ရွက်ပေးမည်ဆိုပါက စစ်ကိုင်းမြို့နယ်အတွင်းရှိ မင်းရွာ၊ သားပျောက်ကုန်း၊ ပေါက်မ၊ ထန်းတောဆိပ်၊ သာဇင်စတဲ့ ကျေးရွာအုပ်စုပိုင် လယ်ယာမြေဧက (၈၇၂၈)ဧကကျော်ခန့်ဟာ နှစ်စဉ် နွေ၊ မိုး၊ ဆောင်းမပြတ်သီးနှံများ အောင်မြင်စွာ တိုးချဲ့စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းမြို့နယ်၊ ကာဘိုးဆည်ရေ၊ လှတောလက်တံ(၅)တူးမြောင်း ရေဖျားသောက်လယ်ကွင်းများအတွက် မူးမြစ် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ကွန်းတောင်းကျေးရွာရှိ ရေတင်စက်၊ ရေပိုက်များနှင့် ဝက်ရှုကျေးရွာရှိ စက်ရေတွင်းအား ပြန်လည်ပြင်ဆင် မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၁။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ကွန်းတောင်းကျေးရွာရှိ ရေတင်စက်၊ ရေပိုက်များနှင့် ဝက်ရှုကျေးရွာရှိ စက်ရေတွင်းအား ပြန်လည်ပြင်ဆင်မွမ်းမံပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေးခွန်းမေးမြန်းရတဲ့ အကြောင်းရင်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ကွန်းတောင်းကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ အလွယ်တကူရယူသုံးစွဲနိုင်ရန် ဂါလံ (၂၇၀၀၀)ဆန့် အမြင့်တင်ရေကန်နှင့် ရေတင်စက်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တပ်ဆင်ဆောက်လုပ်ခဲ့ပါတယ်။ ရေတင်စက်နှင့် ရေကန်အကွာအဝေး(၆၅၅)ပေရှိပြီး နှစ်လက်မခွဲ PVC ပိုက်ဖြင့် သွယ်တန်းထားပါတယ်။ တစ်နှစ်ကျော်ကျော်အသုံးပြုပြီး ရေပိုက်များကျိုးပဲ့ပျက်စီးသွားပြီဖြစ်ပါတယ်။ အသုံးမပြုရသည်မှာ သုံးလေးနှစ်ခန့်ရှိပြီးဖြစ်ပါတယ်။ ရေတင်စက်ကို ပြုပြင်ပြီး ရေပိုက်အသစ်များ အစားထိုးတပ်ဆင်ပေးပါက ရေကန်ကို ပြန်လည်အသုံးပြု၍ ရေပေးဝေနိုင်မည်ဖြစ်ပါတယ်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ဝက်ရှုကျေးရွာ ဒေသခံပြည်သူများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စက်ရေတွင်း (၁)တွင်းနှင့် ရေလှောင်ကန် (၁)ကန်ကို တူးဖော်ဆောက်လုပ်ပေးခဲ့ပါတယ်။ လုပ်ငန်းပြီးမြောက်ခြင်းမရှိဘဲ၊ ရေမထွက်ဘဲ လုပ်ငန်းအပ်နှံခဲ့ပါသဖြင့် ကျေးရွာဒေသခံပြည်သူများ နစ်နာရကြောင်းနှင့် ရေထွက်သည်အထိ တူးဖော်ပေးစေလိုကြောင်း တင်ပြလာကြပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကွန်းတောင်းကျေးရွာရှိ ရေတင်စက်၊ ရေပိုက်များနှင့် ဝက်ရှုကျေးရွာရှိ စက်ရေတွင်းကို ဆက်လက်တူးဖော် ပြုပြင်မွမ်းမံပေးပါရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၂။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

များခင်ဗျား။ ဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် မေးမြန်းထားတဲ့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ ပန်လုံမြို့အတွက် နွေရာသီကာလ သောက်သုံးရေသိုလှောင်နိုင်မည့် ရေဂါလံ(၃၃)သိန်းဆံ့ ကြာကန် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းနှင့် ရေဂါလံ(၈)သိန်းဆံ့ ကျောက်စီရေကန်(၁)လုံး ဆောက်လုပ်ပေးရန် ကိစ္စနှင့်စပ်လျဉ်းပြီး မေးမြန်းထားတဲ့ မေးခွန်းအပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗျွန်တော် ဦးလှကျော် မှ ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပန်လုံမြို့နယ်ခွဲ စည်ပင်သာယာရေး ဌာနရဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်ဟာ ကျပ်(၇.၉၉၆)သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ စည်ပင်သာယာရေးဌာနကနေ ဖြည့်ဆည်းပေးတဲ့ ရန်ပုံငွေနဲ့ (၁၆၅ ပေ x ၁၂ ပေ x ၆ လက်မ) ဈေးပတ်လည် ကွန်ကရစ်ခင်းတဲ့လုပ်ငန်းကို ခန့်မှန်းကုန်ကျငွေကျပ် (၅)သန်း (၄၀၀ ပေ x ၁၂ ပေ x ၉ လက်မ) စပယ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခန့်မှန်းကုန်ကျငွေ (၁၆.၅)သန်း စုစုပေါင်း ငွေကျပ် (၂၁.၅)သန်းနဲ့ လျာထားဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားထားပါတယ်။

ပန်လုံမြို့နယ်ခွဲ စည်ပင်သာယာရေးအနေနဲ့ (င)အဆင့်မြို့နယ်ဖြစ်ပြီးတော့ ဝင်ငွေနည်းပါးတဲ့ မြို့ဖြစ်တဲ့အလျောက် ပန်လုံမြို့မှာ နွေရာသီကာလ သောက်သုံးရေ သိုလှောင်နိုင်မယ့် ရေဂါလန် (၃၃)သိန်းဆံ့ ကြာကန်ပြုပြင် မွမ်းမံခြင်းလုပ်ငန်းနဲ့ ရေဂါလန် (၈)သိန်းဆံ့ ကျောက်စီရေလှောင်ကန် တစ်လုံး တည်ဆောက်မယ်ဆိုရင် စိစစ်တွက်ချက်မှုအရ ကျပ်(၆၀၀)သန်းခန့် ကုန်ကျမှာဖြစ်ကြောင်း ဖြေကြားထားပါတယ်။ လက်ရှိအခြေအနေမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ရန်ပုံငွေ လုံလောက်မှုမရှိ အကန့်အသတ်ရှိနေတဲ့အတွက် လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားထားမှုကို ကိုယ်စားဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ရဲ့ စစ်ကိုင်းမြို့နယ်၊ ကာဘိုးဆည်ရေ၊ လှတောလက်တံ(၅)တူးမြောင်း ရေဖျားသောက် လယ်ကွင်းများ အား မူးမြစ် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း အပေါ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းမြို့နယ်၊ ကာဘိုးဆည်ရေ၊ လှတောလက်တံ(၅)တူးမြောင်း ရေဖျားသောက် လယ်ကွင်းများ စိုက်ပျိုးရေရရှိဖို့အတွက် မူးမြစ်က မြစ်ရေတင်စီမံကိန်း ဆောင်ရွက် ပေးရန်နဲ့ ပတ်သက်ပြီး မေးမြန်းထားမှုအခြေအနေဖြစ်ပါတယ်။ ထိုဒေသ ထန်းတောဆိပ်ကျေးရွာ အနီးမှာ မူးမြစ် မြစ်ရေတင်စီမံကိန်းတစ်ခု ဆောင်ရွက်မယ်ဆိုရင် မူးမြစ်နှင့်လှတောလက်တံ(၅)

အကြား သိမ်ချောင်း-မင်းရွာ ကားလမ်းဘေးဝဲယာ ထန်းတောဆိပ်-သာစည်လေး-မင်းရွာနဲ့ သဲနုပို့ ကျေးရွာအုပ်စုများမှာရှိတဲ့ ဧက(၂၀၀၀)ခန့် စိုက်ပျိုးရေရရှိနိုင်မှာ ဖြစ်ပါတယ်။ စိစစ်ဆောင်ရွက်မှုအရ ထန်းတောဆိပ်-မင်းရွာ ဒေသခံတောင်သူတွေအတွက် အကျိုးရှိမည့်မြစ်ရေတင် စီမံကိန်းတစ်ခု ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မူးမြစ်ကနေ အဆိုပါ မြစ်ရေတင်စီမံကိန်းအသစ်တစ်ခု ဆောင်ရွက်နိုင်ဖို့အတွက် မူးမြစ်ရဲ့ ရေအရင်းအမြစ်သေချာမှု၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိနိုင်မှု၊ ဒေသခံတောင်သူတွေရဲ့ လုပ်ငန်း အပေါ်မှာ စိတ်ပါဝင်စားရှိမှုနဲ့ စိုက်ပျိုးမြေကေတွေရဲ့ မြေပြင်အနေအထားဟာလည်း ပြန့်ပြူး ညီညာမှုရှိပြီး တစ်ဆက်တစ်စပ်တည်းတည်ရှိနေမှုနဲ့ မြေအမျိုးအစားကောင်းမွန်ခြင်း အနေအထား တွေ ရှိတဲ့အတွက်ကြောင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းရှိကြောင်း သုံးသပ်တွေ့ရှိထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် မူးမြစ် မြစ်ရေတင်စီမံကိန်းအသစ် အကောင်အထည်ဖော်ဆောင်ရွက် ရာမှာ မိမိတို့ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေဖြစ်တဲ့ မြေပြင်တိုင်းတာခြင်း(Topographic Survey)၊ အသေးစိတ်တိုင်းတာခြင်းနဲ့ ပုံထုတ်ခြင်း(Detailed Survey and Design)နဲ့ စီမံကိန်း တည်ဆောက်ခြင်းအတွက်(Project Implementation) အစရှိတဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက် သွားရမှာ ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းစဉ်တွေ ဆောင်ရွက်နိုင်ဖို့အတွက် ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကစပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်း ရန်ပုံငွေမှာ ထည့်သွင်း လျာထားဆောင်ရွက်သွားဖို့ စီစဉ်ထားပြီး ဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး မြစ်ရေတင် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ကွန်းတောင်းကျေးရွာရှိ ရေတင်စက်၊ ရေပိုက်များနှင့် ဝက်ရှု ကျေးရွာရှိ စက်ရေတွင်းအား ပြန်လည်ပြင်ဆင်မွမ်းမံပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း အပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဆက်လက်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ကွန်းတောင်းကျေးရွာအုပ်စု၊ ကွန်းတောင်းကျေးရွာမှာ အိမ်ခြေ(၁၅၁)အိမ်ရှိပါတယ်။ လူဦးရေ(၇၈၈)ဦး မှီတင်းနေထိုင်လျက်ရှိကြ ပါတယ်။ ကျေးရွာရဲ့ လက်ရှိရေသုံးစွဲမှုဟာ လက်တူးတွင်း (၈၀)တွင်းကနေ ရယူသုံးစွဲထားမှု ရှိနေပြီဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ရေစိမ့်တွင်း လက်တွင်း(၁)တွင်းကနေပြီး စက်ရေတင်စနစ်နဲ့ ရေပိုက်သွယ်ယူပြီး အများသုံး ရေငုတ်(၄)ခုနဲ့ အသုံးပြုနေကြရတဲ့ အခြေအနေဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့

ရေတင်စက်နှင့် ရေပိုက်တွေဟာ ပျက်စီးခြင်းများ ကြုံတွေ့ရတဲ့အနေအထားဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် အဆိုပါရေတင်စက်ကို လဲလှယ်တပ်ဆင်ခြင်းနဲ့ ရေပိုက်ပေ(၁၅၀၀)လဲလှယ်ခြင်း လုပ်ငန်းကို ဆောင်ရွက်သွားရန်ဖြစ်တဲ့အတွက် နီးစပ်ရာဘဏ္ဍာရေးနှစ်ရန်ပုံငွေ ခွဲဝေလျာထား ရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးမြို့နယ်၊ ကွန်းတောင်းကျေးရွာအုပ်စု၊ ဝက်ရှုကျေးရွာဟာလည်းပဲ အိမ်ခြေ(၇၆)အိမ်ရှိပြီး လူဦးရေ(၅၆၄)ဦး မှီတင်းနေထိုင်ကြပါတယ်။ လက်တူးတွင်း(၆၀)ကနေပြီး ရေကို လက်ရှိမှာ ရယူသုံးစွဲ နေတဲ့အခြေအနေဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ စက်ရေတွင်း (၄)ပေ၊ အချင်း (၂၇၀)ပေ၊ ရေစက်ရုံ ဂါလံ(၂၀၀၀)ဆံ့ ရေကန်တွေ ဆောင်ရွက်ပေးခဲ့မှုရှိရာမှာ ၎င်းစက်ရေတွင်းဟာ ယခုအခါမှာ ရေထွက်နည်းလာတဲ့အတွက်ကြောင့်မို့လို့ တွင်းအသစ်တူးဖော်ရန် လိုအပ်လာတဲ့အခြေအနေလည်း ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် မြေအောက်ရေ သေချာမှု ရှိ/မရှိ Geophysical Survey တိုင်းတာပြီး ရလဒ်တွေရရှိမှုအပေါ်မှာမူတည်ပြီး ဖြစ်နိုင်ခြေရှိမယ်ဆိုရင် ရန်ပုံငွေလျာထား အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားမှုအား ကိုယ်စားဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀:၄၉ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၂၁ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၂၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁:၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်(၅)ကို ဆက်လက်ဆောင်ရွက်ပါမယ်။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**SME ကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရနှင့် JICA, KFW အစရှိသော နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးငွေများကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် ချေးငွေပမာဏ မည်မျှကို စီမံထား၍ SME များသို့ ထုတ်ချေးပြီးပမာဏမည်မျှရှိသည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၂၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၅။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ SME လို့ခေါ်တဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား ဈေးကွက်များကျယ်ပြန့်စွာ ပေါ်ထွန်းလာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် အဓိကကျပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေရဲ့ (၇၀)ရာခိုင်နှုန်းကနေ (၉၀)ရာခိုင်နှုန်းအထိကို အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှ ဖန်တီးပေးနိုင်တယ်လို့ သိရပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် SMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးဟာ ကျွန်တော်တို့ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ မောင်းနှင်အားလို့ဆိုရမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုပါခင်ဗျား။ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့နိုင်ငံများနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ SMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးစားပေးလုပ်ငန်းများဖြင့် ဆောင်ရွက်ကြတယ်လို့ သိရပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း SMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ရည်ရွယ်ချက်တွေ၊ အခြေခံမူတွေ ချမှတ်ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

SMEs ဖွံ့ဖြိုးတိုးတက်ရေးဥပဒေမှာဆိုရင်လည်း Power Point မှာ ဖော်ပြထားပါတယ်။ သို့သော် လက်တွေ့မှာတော့ SMEs လုပ်ငန်းတွေ လိုအပ်တဲ့ ငွေကြေးအရင်းအနှီးကိုတောင် နိုင်ငံတော်က အပြည့်အဝ မဖြည့်ဆည်းပေးနိုင်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာမိသလောက် အာဆီယံနိုင်ငံအများစုမှာ SMEs လုပ်ငန်းများသည် အစဉ်အလာအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုအဆင့်အတန်းမြင့်မားမှုတို့အတွက် မျှော်မှန်းထားသော်လည်း တချို့နိုင်ငံတွေမှာ အထူးသဖြင့် ဘရူနိုင်း၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှာတော့ ဆန်းသစ်တီထွင်မှုနဲ့ နည်းပညာအဆင့်မြှင့်တင်မှုတို့ကို SMEs များက တစ်ဆင့် တိုးမြှင့်ရန် ပိုမိုအာရုံစိုက်လာတာကို တွေ့ရပါတယ်။ ၁၄-၃-၂၀၁၈ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ရဲ့ ဖြေကြားချက်အရ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ စာရင်းများအရ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ SMEs များမှ ထုတ်ချေးငွေ စုစုပေါင်းဟာ ကျပ်ငွေ(၈၆၂.၇၃၃)ဘီလီယံဖြစ်ပြီး အခြားပုဂ္ဂလိကကဏ္ဍများသို့ ထုတ်ချေးငွေစုစုပေါင်းရဲ့ (၄.၀၁)ရာခိုင်နှုန်းသာ ရရှိတယ်လို့ မှတ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ SMEs များ ဘဏ္ဍာရေးအထောက်အပံ့ရရှိဖို့အတွက် အရေးပါတဲ့အစီအစဉ်တစ်ခုကတော့ JICA ထောက်ပံ့မှု နှစ်ဆင့်ထုတ်ချေးငွေ ဖြစ်ပါတယ်။ အဲဒီမှာ JICA က အတိုးနှုန်း တစ်နှစ်ကို (၀.၁)ရာခိုင်နှုန်း ဝန်ဆောင်ခ တစ်နှစ်ကို (၀.၁)ရာခိုင်နှုန်းနှင့် ဆိုင်းငံ့ကာလ(၁၀)နှစ်နှင့် မြန်မာ့စီးပွားရေးဘဏ်ကိုချေးခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်က (၄)ရာခိုင်နှုန်းအတိုးနဲ့ သတ်မှတ်ထားတဲ့ ပြည်တွင်းပုဂ္ဂလိကဘဏ်တွေဖြစ်တဲ့ အသေးစား၊ အလတ်စား စက်မှုဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်တွေကို ပြန်လည်ထုတ်ချေးခဲ့တယ်လို့ သိရပါတယ်။ အဲဒီဘဏ်များက ၂၀၁၅-၂၀၁၆ ကနေစပြီး SMEs များကို တစ်နှစ်လျှင် အတိုးနှုန်း (၈.၅)ရာခိုင်နှုန်းနဲ့ ပြန်လည်ထုတ်ချေးခဲ့တယ်လို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်တွေ့မှာတော့ တစ်ဆင့်ခံချေးငွေရရှိတဲ့ ပုဂ္ဂလိကဘဏ်များအနေနဲ့ကလည်း မိမိတို့ရဲ့ လုပ်ငန်းခွဲများကိုသာ ချေးပေးဖို့ အဓိကဆောင်ရွက်နေပြီး ပြင်ပ SMEs များအနေဖြင့် ချေးငွေရယူဖို့အခွင့်အလမ်း အင်မတန် နည်းပါးနေတယ်လို့ ရုန်းကန်နေရတဲ့ SMEs လုပ်ငန်းရှင်များရဲ့ ညည်းတွားသံတွေကို ကြားနေရပါတယ်။ ချေးငွေရယူဖို့အတွက် ကန့်သတ်ချက်တွေကလည်း တကယ့် SMEs များအတွက် ပေးကား ပေး၏မရဆိုသလို ဖြစ်နေပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး ဗဟိုဘဏ်အနေနဲ့ ပုဂ္ဂလိကဘဏ်များရဲ့ SMEs များ ချေးငွေလျှောက်ထားမှုပုံစံတွေကို တစ်ပြေးညီဖြစ်အောင် မူဝါဒချပြီးထိန်းကျောင်းဆောင်ရွက်ထားသလားဆိုတာကို ရှင်းလင်းပြသဖို့လိုအပ်မယ်လို့ ထင်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ SMEs လုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံတော်အစိုးရအနေနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးရမယ့် ကဏ္ဍများစွာရှိပါတယ်။ ငွေကြေးအရင်းအနှီးရရှိရေးအပြင် ဈေးကွက်ဝေစုရရှိရေး၊ နည်းပညာအကူအညီရရှိရေး၊ လုပ်ငန်းမြေနေရာရရှိရေး၊ ဈေးကွက်သတင်းအချက်အလက်ရရှိရေး၊ စွမ်းရည်ပြည့်ဝတဲ့ လုပ်သားအင်အားရရှိရေး စသဖြင့် ကဏ္ဍပေါင်းစုံကူညီပံ့ပိုးပေးဖို့ အထူးလိုအပ်ပါတယ်။

ဒီလိုအခြေအနေမှာ ကျွန်တော်တို့ဆီက SMEs လုပ်ငန်းများအနေနဲ့ ငွေကြေးအရင်းအနှီးရရှိရေးကိုတောင် အနိုင်နိုင်ဖြစ်နေကြရပြီး JICA ရဲ့ နှစ်ဆင့်ချေးငွေ၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်၊ KFW ထံကချေးငွေတွေရဲ့ ထိထိရောက်ရောက် ထုတ်ချေးနိုင်မှုမှာလည်း စိန်ခေါ်မှုတွေရှိနေတယ်လို့သိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အဲဒီချေးငွေ အစီအစဉ်နဲ့စပ်လျဉ်းပြီး မူလလျာထားချက်ရဲ့ ရာခိုင်နှုန်းမည်မျှ ထုတ်ချေးပြီးပြီလဲ။ SMEs ဥပဒေအရ ချေးငွေအမျိုးအစားကို ပိုမိုခွင့်ပြုရန်စီစဉ်ထားပါသလားဆိုတာတွေကို SMEs လုပ်ငန်းရှင် ပြည်သူတွေကိုယ်စား သိလိုပါတယ်။ အဲဒီအကြောင်းတွေကြောင့် SMEs ကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရနှင့် JICA၊ KFW အစရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးငွေများကို ထိရောက်စွာအသုံးချနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်နေတယ်၊ ချေးငွေပမာဏမည်မျှကို စီမံထား၍ SMEs များသို့ အမှန်တကယ်ထုတ်ချေးပြီးပမာဏမည်မျှရှိသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်နေ တောင်သူလယ်သမားများအတွက် “ဝ”ဥ စိုက်ပျိုးရေးချေးငွေ ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၉။**

**ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ပလက်ဝမြို့နယ်အတွင်းရှိ မဲဆန္ဒရှင် ဒေသခံပြည်သူများအတွက် ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်တဲ့ “ဝ”ဥ စိုက်ပျိုးရေးချေးငွေနှင့်ပတ်သက်၍ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် နယ်မြေဧရိယာကျယ်ပြန့်၍ ကျေးရွာပေါင်း (၃၈၄)ရွာ ရှိပါတယ်။ လူဦးရေအားဖြင့် တစ်သိန်းနဲ့ တစ်သောင်းကျော်နေထိုင်ပြီး အဓိက စိုက်ပျိုးရေးဖြင့်သာအသက်မွေးကြရပါတယ်။ ပလက်ဝမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေးခက်ခဲပြီး အများစုမှာ ဆင်းရဲကြပါတယ်။ ကျေးလက်ဒေသနေပြည်သူ (၇၇)ရာခိုင်နှုန်းမှာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အများစုအသက်မွေးကြသလို တချို့မှာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းဖြင့်လည်း အသက်မွေးကြပါတယ်။ ပလက်ဝမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများသည် အခြားဝင်ငွေရလုပ်ငန်းများလည်း တွင်တွင်ကျယ်ကျယ်လုပ်ကိုင် ဆောင်ရွက်ရန်မရှိသည့်အတွက် မိသားစုစားဝတ် နေရေးကို အခက်အခဲရှိစေခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်သည် စိုက်ပျိုးမြေဧရိယာများစွာရှိသော်လည်း ဝင်ငွေရ “ဝ”ဥစိုက်ပျိုးရန် ငွေကြေးအခက်အခဲများစွာရှိနေပါတယ်။ တချို့တတ်နိုင်သောမိသားစုများ “ဝ”ဥတစ်ပိုင်တစ်နိုင် စိုက်ပျိုးဖြစ်ထွန်းနေသည်ကိုလည်း တွေ့ရှိရပါတယ်။ “ဝ”ဥအစိမ်း(၂၅)ပိဿာ ဒေသအခေါ် တစ်မောင်းလျှင် (၇၀၀၀၀)ကျပ် ရှိပြီး အခြောက်လှမ်းပါက တစ်ပိဿာလျှင် ရောင်းဈေး(၈၀၀၀)ကျပ် တစ်မောင်းလျှင် (၁၀၀၀၀၀)ကျပ်တိတိ ဈေးရှိပါတယ်။ ပလက်ဝဒေသမှ ထွက်ရှိသော ဝဥအခြောက်များကို မန္တလေးမြို့ဈေးကွက်သို့ တိုက်ရိုက်ရောင်းချ၍ တချို့ဆိုလျှင် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချတာတွေရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်အတွင်းရှိ အခြေခံလူတန်းစားများဖြစ်သော တောင်သူလယ်သမားများနှင့် မဲဆန္ဒရှင်ပြည်သူများမှာ စားဝတ်နေရေးအဆင်ပြေစေဖို့ ဝင်ငွေရလုပ်ငန်း “ဝ”ဥစိုက်ပျိုးရေးလုပ်ငန်းကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်နိုင်မည်ဆိုလျှင် မိမိတို့၏မိသားစု အခက်အခဲများစွာကို အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ သို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း ယခု ကျွန်တော် မေးမြန်းသော မေးခွန်းကို အရေးတယူ ကူညီဖြည့်စွက်သင့်ပါကြောင်းကိုလည်း ပြောကြားလိုပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေတောင်သူလယ်သမားများအတွက် “ဝ”ဥစိုက်ပျိုးရေး ချေးငွေထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်အစိုးရအနေဖြင့် ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ သို့မဟုတ် နုတ်ထွက်သည့်အခါ စုဆောင်းငွေတစ်ရပ်ရရှိရန် General Provident Fund (GPF) ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးစိုးသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၂။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ တစ်ချိန်တုန်းက General Provident Fund (GPF)ဆိုပြီး ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ငယ်စဉ်ဘဝကာလကတည်းက ထည့်ဝင်စုဆောင်းတဲ့ အလေ့အကျင့်တစ်ခုပါ။ ၁၉၇၀-၁၉၇၁ ခုနှစ် ဝန်းကျင်လောက်က ဖျက်သိမ်းခဲ့တာပါ။ (GPF)ရန်ပုံငွေစနစ်ဖြင့် ဝန်ထမ်းများရဲ့ လစဉ်စုဆောင်းငွေများ အစိုးရက စီစဉ်ပေးနိုင်မည်ဆိုလို့ရှိရင် အငြိမ်းစားယူတဲ့အခါ သို့မဟုတ် နုတ်ထွက်တဲ့အခါ တစ်လုံးတစ်ခဲသောငွေကို ထုတ်ယူနိုင်သလို အရေးပေါ်ပညာရေး၊ ကျန်းမာရေးကိစ္စတွေ လိုအပ်တဲ့အခါ ကိုယ့်ငွေကိုယ်ပြန်ချေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ (GPF) အစီအစဉ်ဆောင်ရွက် အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိကို လေးစားအပ်သော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် နှစ်စဉ် တစ်လတစ်ကြိမ် (၁)ရက်နေ့တိုင်း ဖွင့်လှစ်ပေးနေသည့် အောင်ဘာလေဆုမဲများကို ထီကံစမ်းထားသည့် အများပြည်သူ ထီပေါက်ခွင့် (ကံထူးခွင့်) အခွင့်အလမ်းများ ပိုမိုလာစေရန် ယခုလက်ရှိ ဖွင့်လှစ်ပေးနေသည့်ဆုမဲများမှ ထပ်ဆောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၃။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ အမျိုးသားလွှတ်တော်မှာ မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ နှစ်စဉ် တစ်လတစ်ကြိမ် လကုန်ပြီးတိုင်း ဖွင့်လှစ်ပေးနေတဲ့ အောင်ဘာလေထီဆုမဲများကို ထီကံစမ်းထားတဲ့ အများပြည်သူ ထီပေါက်ခွင့် (ကံထူးခွင့်) အခွင့်အလမ်းတွေ ပိုမိုရရှိလာစေဖို့အတွက် ယခုလက်ရှိ ဖွင့်လှစ်ပေးနေတဲ့ ဆုမဲများမှာ ပါဝင်တဲ့ ထီဆုကြီးတစ်ဆုကို ခွဲဝေပြီးတော့မှ ထပ်ဆောင်းဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အောင်ဘာလေထီလုပ်ငန်းကို လွတ်လပ်ရေးမရခင် ၁၉၃၈ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ရာ လွတ်လပ်ရေးနောက်ပိုင်းကာလမှ ယခု လက်ရှိအခြေအနေအထိ အောင်ဘာလေထီလက်မှတ် တစ်စောင်လျှင် ကျပ်(၁၀၀၀)နှုန်းဖြင့် မြန်မာ့အောင်ဘာလေညွှန်ကြားမှုဦးစီးဌာနမှ ဖွင့်လှစ်ရောင်းချ ပေးပြီး အများပြည်သူအား ကံစမ်းခွင့်ပြုပေးလျက်ရှိပါတယ်။ လစဉ် ချီးမြှင့်တဲ့ ဆုကြီးများဖြစ်တဲ့ ကျပ်သိန်းတစ်သောင်းခွဲဆု၊ ကျပ်သိန်းတစ်သောင်းဆု၊ ကျပ်သိန်းငါးထောင်ဆုများ အပါအဝင် ဝေဝေဆာဆာပဒေသာဆုမဲများနှင့်တကွ ထီဆုမဲပေါင်း(၂)သောင်းကျော်ကိုလည်း လစဉ်ဖွင့်လှစ် ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ဒီထဲမှာ ရောင်းရငွေ (၆၀)ရာခိုင်နှုန်းအား ကံထူးရှင် အများစုကို ပြန်လည်ချီးမြှင့်ပေးလျက်ရှိပြီး သေချာပေါက် အမြတ်အစွန်းရရှိတဲ့ လက်တံရှည်စီးပွားရေး လုပ်ငန်း တစ်ခုလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျပ်(၁၀၀၀)တန်ထီ စတင်ရောင်းချပြီး ကံထူးရှင် အား အမြင့်ဆုံးဆုငွေ ကျပ်သိန်းတစ်သောင်းခွဲ စတင်ချီးမြှင့်တဲ့ကာလမှသည် မြန်မာ့အောင်ဘာလေ ထီလောက ပိုမိုလှုပ်ခတ်လာပြီး ထီဆိုင်များ၊ ထီရောင်းချသူများ ပေါများလာပြီး အများပြည်သူစိတ်ဝင် စားမှုလည်း အမြင့်ဆုံး ဖြစ်လာခဲ့ပါတယ်။ အမြင့်ဆုံးဆုကြီးဖြစ်တဲ့ ကျပ်သိန်းတစ်သောင်းခွဲဆု၊ ကျပ်သိန်းတစ်သောင်းကံထူးရှင် အများအပြား ပေါ်ပေါက်လာခဲ့ပြီး ထိုဆုကြီးများရဲ့ ကံထူးရှင် အများစုမှာလည်း အခြေခံလူတန်းစားများ၊ နိုင်ငံ့ဝန်ထမ်းများသာ အများဆုံး ကံထူးကြသည့်အတွက် ထီကံစမ်းသူ အများစု၏(၇၀)ရာခိုင်နှုန်းကျော်ဟာ အခြေခံလူတန်းစားနဲ့ နိုင်ငံ့ဝန်ထမ်းများသာဖြစ် ကြောင်း လေ့လာသုံးသပ်ရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလွန်ကံကောင်းမှ ထီကံထူးရှင်ဖြစ်နိုင်ပြီး ဂဏန်း(၆)လုံး၊ အက္ခရာ(၆) လုံး တူဖို့မပြောနှင့် ဂဏန်း(၂)လုံးနှင့် အက္ခရာတူဖို့တောင် မလွယ်ကူတဲ့ အနေအထား ဖြစ်ပါတယ်။ အထူးမေးမြန်းတိုက်တွန်းလိုတာကတော့ ကံထူးသူတို့ အခွင့်အရေးသည် မိမိ ကံစမ်းထားတဲ့ ထီ လက်မှတ်ပါ အက္ခရာနဲ့ဂဏန်း(၆)လုံး အားလုံးတူမှသာ ထီဆုကြီးပေါက်ခွင့်ရှိတဲ့အတွက် ယခု ခွဲဝေ ချီးမြှင့်နေတဲ့ ဆုငွေ(၆၀)ရာခိုင်နှုန်းထဲကပင် ထီဆုကြီးတစ်ဆုကို ပယ်ဖြုတ်ပြီးတော့မှ ထိုထီဆုကြီး တစ်ဆုအား ခွဲဝေကာ ကျပ်သိန်းတစ်သောင်းခွဲဆု၊ ကျပ်သိန်းတစ်သောင်းဆု၊ ကျပ်သိန်းငါးထောင် ဆုကြီးများရဲ့ အက္ခရာလွဲဂဏန်းအားလုံးတူ ထီလက်မှတ်များကို ပေါက်ဂဏန်းအဖြစ် သတ်မှတ်ပြီး တော့မှ အထက်ပါ ဆုကြီးများ၏ (၀.၁)ရာခိုင်နှုန်းစီ ခွဲဝေချီးမြှင့်ပေးလိုက်မည်ဆိုပါက ကံထူးရှင် အမြောက်အမြား တိုးပွားလာနိုင်ပြီး အများပြည်သူ ထီပေါက်ခွင့် အခွင့်အလမ်းလည်း များစွာ ရရှိလာမည်ဟု ယုံကြည်မိပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ဥပမာ အက္ခရာ အလုံးရေ (၄၀)ရောင်းချခဲ့မည်ဆိုပါက အများဆုကြီးဖြစ်တဲ့ ကျပ်သိန်း တစ်သောင်းခွဲဆုကြီး ပေါက်မဲနံပါတ် (က)(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆)ဖြစ်ခဲ့လျှင် ကျန်အက္ခရာလွဲ ဂဏန်း အားလုံးတူ ထီလက်မှတ်များကို ထီဆုကြီး၏ (၀.၁)ရာခိုင်နှုန်း (၁၅)သိန်းသော်လည်း၊ ဒုတိယဆု အများဆုံးဖြစ်တဲ့ ကျပ်သိန်းတစ်သောင်းဆုနဲ့ တတိယဆုကြီး အများဆုံးဖြစ်တဲ့ ကျပ်သိန်းငါးထောင် ဆုများအား အက္ခရာလွဲ ဂဏန်းအားလုံးတူ ထီလက်မှတ်များကို ထီဆုကြီးများ၏ (၀.၁)ရာခိုင်နှုန်း ဖြစ်တဲ့ ကျပ်(၁၀)သိန်းနှင့် ကျပ်(၅)သိန်းစီ ထပ်ဆောင်းချီးမြှင့်လိုက်မည်ဆိုပါက ထီကံထူးရှင် (၁၀၀) ကျော် ထပ်မံပေါ်ထွက်လာပြီး ထီဆုကြီးများမှာ အက္ခရာလေးတစ်လုံးလွဲရုံဖြင့် ဂဏန်း အားလုံးတူ သော်လည်း ထီပေါက်ခွင့် အခွင့်အရေး ဆုံးရှုံးရတဲ့ ထီကံစမ်းသူ အများပြည်သူတို့အတွက် စိတ် ဖြေသာတဲ့ ဆုကြေးငွေများကိုလည်း ရရှိခံစားကြရမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် ဥပမာ ပေးထားတဲ့ ထီဆုမဲ ခွဲဝေတဲ့စနစ်ကို တင်ပြတာ ဖြစ်ပါတယ်။ ထီဆုမဲ ခွဲဝေဖို့ တင်ပြတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း နှစ်စဉ် တစ်လတစ်ကြိမ် (၁)ရက်နေ့ တိုင်း ဖွင့်လှစ်ပေးနေသည့် အောင်ဘာလေဆုမဲများကို ထီကံစမ်းထားတဲ့ အများပြည်သူ ထီပေါက်ခွင့် (ကံထူးခွင့်) အခွင့်အလမ်းများ ပိုမိုရရှိလာဖို့အတွက် မြန်မာနိုင်ငံမှ အောင်ဘာလေထီလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာဖို့အတွက် လက်ရှိဖွင့်လှစ်ပေးနေတဲ့ ဆုမဲများတွင်ပါဝင်တဲ့ ထီဆုကြီးတစ်ဆုအား ခွဲဝေ၍ ထီဆုငယ်များအဖြစ် ထပ်ဆောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**၂၀၁၉ – ၂၀၂၀ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြင်ဆင်ပြီးခဲ့သော မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန် ဥပဒေများအရ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန်ရာခိုင်နှုန်းများ လျော့ချ ပြင်ဆင်ခဲ့သည့်အပေါ် ယနေ့အချိန်ထိရရှိသော ပုံမှန်ဝင်ငွေခွန်၊ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်များရရှိမှုအခြေအနေနှင့် သက်ဆိုင်ရာ ပြည်တွင်း အခွန်များဦးစီးဌာန တို့က အခွန်တိမ်းရှောင်မှုအပေါ် ဥပဒေပြဋ္ဌာန်းပြီးသည်မှ ယနေ့အချိန်ထိ အရေးယူဆောင်ရွက်မှု အရေအတွက်နှင့် အခြေအနေတို့ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၇။**

**ဒေါက်တာပြည့်ဖြိုး၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရောဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၉ – ၂၀၂၀ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြင်ဆင် ပြီးခဲ့သော မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန် ဥပဒေများအရ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန် ရာခိုင်နှုန်းများ လျော့ချပြင်ဆင်ခဲ့သည့်အပေါ် ယနေ့အချိန်ထိရရှိသော ပုံမှန်ဝင်ငွေခွန်၊ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်များရရှိမှုအခြေအနေနှင့် သက်ဆိုင်ရာ ပြည်တွင်း အခွန်များဦးစီးဌာနတို့က အခွန်တိမ်းရှောင်မှုအပေါ် ဥပဒေပြဋ္ဌာန်းပြီးသည်မှ ယနေ့ အချိန်ထိ အရေး ယူဆောင်ရွက်မှု အရေအတွက်နှင့် အခြေအနေတို့ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်း သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေကို ၂၄-၉-၂၀၁၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး နှစ်စဉ် ပြည်ထောင်စုအခွန်အကောက်ဥပဒေများကိုလည်း ပြည်ထောင်စု လွှတ်တော်မှာ တင်သွင်းပြဋ္ဌာန်းလျက်ရှိပါတယ်။ အခွန်ဆိုင်ရာဥပဒေများကို ဆောင်ရွက်ရာမှာ ကောင်းမွန်တဲ့အခွန် ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာစေဖို့အတွက် အခွန်ရရှိတဲ့ ကိန်းဂဏန်း အချက်အလက်တွေ၊ သုံးသပ်ချက်တွေကို ဥပဒေပြုရေးမဏ္ဍိုင်က သိဖို့လိုအပ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော့်အနေနဲ့ လွှတ်တော်ကအတည်ပြုပြီးတဲ့ ဥပဒေတွေကို လေ့လာစောင့်ကြည့်ခြင်း ဖြစ်တဲ့ Post Legislative အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်မှာ ကျွန်တော်တို့ ၂၀၁၈–၂၀၁၉ ဒုတိယခြောက်လပတ် အခွန်ရငွေ အစီရင်ခံစာကို ပြည်ထောင်စု လွှတ်တော်မှာ ဆွေးနွေးလျက်ရှိပါတယ်။

အဲဒီမှာလည်း အချက်အလက်တွေက မပြည့်စုံပါဘူး။ လာမယ့် ၂၀၁၉-၂၀၂၀ အတွက် အခွန်ရငွေ အစီရင်ခံစာကိုတော့ နောက်ထပ် လုပ်မယ့် (Annual Tax Law) ပြဋ္ဌာန်းပြီးမှ တွေ့ရမယ့် အခြေအနေမှာ ရှိပါတယ်။ အဲဒီတော့ လာမယ့်နှစ်အတွက် ပြည်ထောင်စုအခွန်အကောက်ဥပဒေကို ဝန်ကြီးဌာနက တင်ပြသမျှနဲ့ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ တင်ပြရမယ်ဆိုရင် (၁)နှစ်အတွင်းကျပ်(၄၈)သိန်းကျော် ဝင်ငွေရရှိသူ တစ်ယောက်ဟာ သက်သာခွင့်တွေ ခုနှိမ်ပြီးတော့ ကျန်ရှိတဲ့ ဝင်ငွေအပေါ်မှာ ဝင်ငွေခွန်အလွှာလိုက် စည်းကြပ်ရမယ်ဆိုတဲ့နေရာမှာ တစ်လကို လစာ ဒါမှမဟုတ် ဝင်ငွေကျပ်(၄)သိန်းကျော်တာနဲ့ အခွန်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒီလို ဝင်ငွေနည်းတဲ့ အခွန်လွှာကိုမြှင့်ဖို့ရာ ဥပမာအားဖြင့် ကျပ်သိန်း(၆၀)၊ ကျပ်သိန်း(၇၀)စသဖြင့် ဒါတွေမြှင့်ဖို့အတွက် ဆိုရင် ကျွန်တော်တို့ စိတ်ခံစားချက်နဲ့ သွားပြင်လို့ရတဲ့ဟာမျိုး မဟုတ်ပါဘူး။ ဒီအတွက်ကို Statistics Data Analysis ကိန်းဂဏန်းအချက်အလက်တွေ လိုပါတယ်။ ဒါကြောင့် ဥပဒေတွေ မဆောင်ရွက်မီ အချက်အလက်တွေ သိရှိဖို့နဲ့ Check and Balance ဆောင်ရွက်နိုင်ဖို့ မေးရတာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန်ရာခိုင်နှုန်းတွေ လျှော့ချခဲ့တဲ့အပေါ် ဘယ်လိုအကျိုးသက်ရောက်နေသလဲဆိုတာပါ။ လက်ရှိအခြေအနေအရ အခွန် ရရှိမှုမှာဆိုရင် ပုံမှန်ဝင်ငွေခွန်နဲ့ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေခွန်တို့က ပြောင်းပြန်အချိုး ဖြစ်နေပါတယ်။ အဲဒီတော့ ပုံမှန်ဝင်ငွေခွန်များရဲ့ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေခွန်က နည်းမယ်။ ပုံမှန်ဝင်ငွေခွန်နည်းရင် စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေခွန်က များမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ဝင်ငွေခွန် ဖော်ထုတ်ကြေညာတာနဲ့ တံဆိပ်ခေါင်းခွန်က ဆက်စပ်နေတာပါ။ တံဆိပ်ခေါင်းဥပဒေဇယား(၁)မှာဆိုရင် (Conveyances)လို့ခေါ်တဲ့ ပစ္စည်းလွှဲပြောင်းတာ ဥပမာ အိမ်ခြံမြေဝယ်ရောင်းကြတာတွေပါ။ ဒါတွေအတွက်ဆိုရင် ခိုင်လုံတဲ့စာချုပ်စာတမ်း (Instruments) တွေဖြစ်ဖို့ထိုက်သင့်တဲ့၊ ကျသင့်တဲ့ တံဆိပ်ခေါင်းခွန်တွေ ရရှိမှုအခြေအနေကို သိရှိလိုပါတယ်။ ဒီ (Stamp Duty Act)ကို (၁၄)ကြိမ်မြောက်ဒုတိယအကြိမ်ပုံမှန် အစည်းအဝေးကာလမှာ ရေးဆွဲပြဋ္ဌာန်း ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေပြင်ပမှာတော့ အိမ်ခြံမြေဝယ်ရောင်းတာတွေနဲ့ ပတ်သက်ပြီး တော့ GP လို့ ခေါ်တဲ့ အရပ်စာချုပ်တွေနဲ့သာ ဆောင်ရွက်ကြပြီးတော့ တံဆိပ်ခေါင်းခွန်ဆောင်တာက နည်းပါတယ်။ ဒီလို အခွန်ဆိုင်ရာတွေကို ဆောင်ရွက်ဖို့အတွက် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ ကိုလည်း ၇-၇-၂၀၁၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီတော့ ဒီဥပဒေအရကိုလည်း ဘယ်လောက် အထိ ဆောင်ရွက်မှုတွေရှိနေလဲဆိုတာ သိရှိလိုပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခွန်ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုကို ကျွန်တော်တို့ (Tax Culture) နဲ့ ပတ်သက်ပြီး Awareness ပေးဖို့၊ အသိပညာပေးဖို့ ဥပဒေတွေကို အကောင်အထည်ဖော်တာတို့ E-Government စနစ်နဲ့အတူ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်တာတွေက ချိတ်ဆက်ပြီး တစ်ပြိုင်တည်းလုပ်ရမှာ ဖြစ်ပါတယ်။ မေးခွန်းရဲ့နောက်ဆုံးအပိုင်း

အရေးယူဆောင်ရွက်မှုနဲ့ပတ်သက်လို့ ဝင်ငွေခွန်ဥပဒေပြစ်မှုနှင့် ပြစ်ဒဏ်များအခန်း၊ ပုဒ်မ ၄၇(က)(ခ)(ဂ) အရလည်း ဘယ်လောက်ဆောင်ရွက်ထားနိုင်သလဲဆိုတာများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၄၁။**

**ဥက္ကဋ္ဌ။**    ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၄၁။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)။**    ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်)၈(မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ရဲ့ SMEs ကဏ္ဍဖွံ့ဖြိုးရေး အတွက် ပြည်ထောင်စုအစိုးရနှင့် JICA, KFW အစရှိတဲ့ နိုင်ငံတကာ အဖွဲ့အစည်းများမှ ချေးငွေများကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် မည်သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့ ချေးငွေပမာဏ မည်မျှကို စီမံထား၍ SMEs များကို ထုတ်ချေးပြီးပမာဏ မည်မျှရှိသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ JICA(ODA) MSME Two-Step Loan ကို စီမံကိန်း အဆင့်(၁)နဲ့ အဆင့်(၂)ဆိုပြီးတော့ ခွဲခြားထားပါတယ်။ ပြည်ထောင်စုအစိုးရကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ငွေချေးယူသူအဖြစ်နဲ့ဆောင်ရွက်ပြီးတော့ မြန်မာ့စီးပွားရေးဘဏ်က Executing Agency (EA)အဖြစ်နဲ့ တာဝန်ယူဆောင်ရွက်ပါတယ်။

ဒီချေးငွေအစီအစဉ်ဟာ မြန်မာ့စီးပွားရေးဘဏ် အပါအဝင် ရွေးချယ်ထားတဲ့ ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် MSMEs လုပ်ငန်းများကို ထုတ်ချေးတဲ့ နှစ်ဆင့်ချေးငွေစီမံကိန်းဖြစ်ပြီးတော့ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်း၊ လုပ်သားအခြေပြုလုပ်ငန်းအပါအဝင် အခြားကဏ္ဍများကို တိုင်းဒေသကြီး၊ ပြည်နယ်အနှံ့ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်အောင် ထုတ်ချေးပါတယ်။ စီမံကိန်းအဆင့်(၁)မှာ ချေးငွေပမာဏ မြန်မာငွေ (၅၇.၆) ဘီလီယံခန့် ရရှိပါတယ်။ စီမံကိန်းအဆင့်(၁)ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က စတင်ခဲ့ပြီး ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်တဲ့ အဖွဲ့အစည်း(PFIs)များဖြစ်ကြတဲ့ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ သမဝါယမဘဏ်နဲ့

မြန်မာနိုင်ငံသားများဘဏ် စုစုပေါင်း(၆)ဘဏ်မှတစ်ဆင့် (၅၇.၆၃၄) ဘီလီယံကို လုပ်ငန်းရှင်(၂၆၉) ယောက်ကို ၁၅-၆-၂၀၁၇ ရက်နေ့မှာ ကုန်စင်အောင် ထုတ်ချေးပြီး ဖြစ်ပါတယ်။ အဆင့်(၁)ချေးငွေများထဲက ပေးဆပ်ရန်အချိန်စေ့ရောက်တဲ့ အရင်းပြန်လည်ပေးဆပ်ငွေများကို အဆင့်(၁)ချေးငွေမှ (၃)နှစ်နှင့်(၅)နှစ်တို့ ချေးငွေတွေ ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ပေးဆပ်ရန် အချိန်စေ့ရောက်တဲ့ ချေးငွေတွေက ပြန်ဆပ်လာတာတွေ ရှိပါတယ်၊ ရှိတဲ့အခါမှာ Revolving Fund A/C ထဲမှာ ထည့်ထားပြီးမှ ချေးငွေတွေကို နောက်တစ်ကျော့ပြန်ပြီး ယခင်လူ မဟုတ်တဲ့ အသစ်တွေကို ကျွန်တော်တို့ ထုတ်ချေးပါတယ်။ အဲဒါ ကျွန်တော်တို့ လုပ်ငန်းရှင် (၁၁၄)ဦးကို (၂၂.၆၂၄)ဘီလီယံ ထဲကနေ ပြန်ပြီး ထပ်မံထုတ်ချေးခဲ့ပါတယ်။

ဒါကြောင့်မို့ ယခုအခါမှာ စီမံကိန်းအဆင့် (၁)ထဲမှာဆိုရင် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်(၁၂)ခုမှ စုစုပေါင်း လုပ်ငန်းရှင်(၃၉၁)ဦးကို ချေးငွေ (၈၂.၄၁၈) ဘီလီယံ ထုတ်ချေးခဲ့ပြီး ဖြစ်ပါတယ်။ နောက်လည်း ဒီလို ပြန်ဆပ်လာတဲ့ ငွေတွေကို လုပ်ငန်းရှင် အသစ်တွေကို ထပ်ပြီးချေးသွားမှာ ဖြစ်ပါတယ်။ နောက်စီမံကိန်းအဆင့်(၂)မှာ မြန်မာငွေ (၁၄၃.၁၂၅) ဘီလီယံ ချေးယူရရှိပါတယ်။ စီမံကိန်းအဆင့်(၂)ကို ၂၀၁၈ ခုနှစ် Mini Budget ကစခဲ့တာပါ။ ပထမ အသုတ်အဖြစ် (၄၀.၉၂၀)ဘီလီယံ ရပါမယ်။ ဒုတိယအသုတ်အဖြစ် (၅၄.၀၈)ဘီလီယံ၊ တတိယ အသုတ်အဖြစ် (၄၈.၁၂၅)ဘီလီယံ လက်ခံရရှိထားပြီး ဖြစ်ပါတယ်။ ဒီစီမံကိန်းအဆင့်(၂)ရဲ့ ချေးငွေတွေကိုလည်း ၁၈-၉-၂၀၁၈ ရက်နေ့ကစပြီး ထုတ်ချေးခဲ့ပြီး PFIs ဘဏ်တွေကိုတော့ ယခင်အဆင့် (၁)ထက် တိုးထားပါတယ်။ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာ့စီးပွားရေးဘဏ် အပါအဝင် သမဝါယမဘဏ်၊ ရောဝတီဘဏ်၊ ပထမပုဂ္ဂလိကဘဏ်နှင့် ယူနိုက်တက်အမရာဘဏ်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ နေပြည်တော်စည်ပင်ဘဏ် စုစုပေါင်း(၁၁)ဘဏ်ကတစ်ဆင့် ထုတ်ချေးပေးလျက် ရှိပါတယ်။ စီမံကိန်းအဆင့်(၂)မှာ ၂၀၁၉ ခုနှစ် နှစ်ကုန်အထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ စုစုပေါင်းလုပ်ငန်းရှင်(၅၉၁)ဦးကို ချေးငွေ(၁၀၁.၀၂၃)ဘီလီယံ ထုတ်ချေးထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာရှိတဲ့ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် JICA Two Step Loan ရရှိထားတဲ့အပြင်ကို ကျွန်တော်တို့ နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်ကလည်းပဲ အများပြည်သူ စုဆောင်းအပ်နှံထားတဲ့ ငွေထဲကနေ ပြီးတော့ ကျပ်(၂၅၀)ဘီလီယံကို ဖယ်ချန်ပြီးတော့မှ MSMEs လုပ်ငန်းများကို ထုတ်ချေးဖို့အစီအစဉ် ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကိုတင်ပြပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၁-၁-၂၀၁၈ ရက်နေ့ကစပြီး ထုတ်ချေးလျက်ရှိပါတယ်။ ဒါကတော့ နိုင်ငံကပိုင်တဲ့ မြန်မာ့စီးပွားရေးဘဏ်ရဲ့ အပ်ငွေထဲကချေးတာပါ။ အဲဒီတော့ MSME ချေးငွေမှာ အများဆုံးထုတ်ချေးမယ့်ပမာဏကို ကျပ်သန်း(၃၀၀)

သတ်မှတ်ပြီး တကယ်လို့ အာမခံပစ္စည်းမပေးနိုင်လို့ Credit Guarantee Insurance စနစ်နဲ့ CGI စနစ်နဲ့ ထုတ်ချေးမယ်ဆိုရင် အများဆုံးသန်း(၂၀)၊ မြန်မာငွေကျပ်(၂၀၀)သိန်းအထိ ထုတ်ချေးတဲ့စနစ် ဖြစ်ပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ ဖြေလျှော့မှုအနေနဲ့ သိန်း(၂၀၀)အပေါ်မှာလည်း စဉ်းစားပြီး Case by Case နဲ့ ကျပ်သိန်း(၂၀၀)ထက် ပိုပြီးလိုအပ်ရင်လည်း ထုတ်ချေးလျက်ရှိပါတယ်။ အဆိုပါ ချေးငွေထဲက ၁၉-၁၂-၂၀၁၉ ရက်နေ့အထိ MSMEs လုပ်ငန်းရှင် (၂၉၅)ယောက်ကို (၁၄.၆၇၁)ဘီလီယံ ထုတ်ချေး ထားပြီး ဖြစ်ပါတယ်။ ဆိုလိုတဲ့သဘောကတော့ (၁၄.၆)ပဲ ချေးရပါသေးတယ်။ ဘီလီယံ (၂၅၀) ဖယ်ချန်ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေနဲ့လည်းပဲ JICA Agriculture Two Step Loan ဆိုတာ ကျွန်တော်တို့ JICA ကတော့ စောစောက SME ကိုပဲ Two Step Loan ထားပါတယ်။ Agriculture ကဏ္ဍကိုလည်းပဲ Two Step Loan ထားပါတယ်။ အဲဒီမှာ ဘီလီယံ (၂၀၀)လောက်ရထားပါတယ်။ ၂၁-၇-၂၀၁၇ရက်နေ့ ကစပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါစီမံကိန်းမှာ တောင်သူများကို လယ်ယာ သုံးစက်ကိရိယာ၊ လယ်ယာကိုအခြေခံတဲ့ စီးပွားရေးအဆောက်အအုံနှင့်စက်တွေအတွက် ရင်းနှီး မြှုပ်နှံမှု Investment Capital ကိုဦးစားပေးပြီး အတိုးနှုန်း(၈)ရာခိုင်နှုန်းဖြင့် (၃)နှစ်၊ (၅)နှစ် သက် တမ်းများ သတ်မှတ်ပြီး ထုတ်ချေးခြင်း ဖြစ်ပါတယ်။ ငွေချေးလိုသူ တောင်သူများအနေနဲ့ ချေးငွေရဲ့ (၃၀)ရာခိုင်နှုန်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ စုဆောင်းရမှာဖြစ်ပြီးတော့ ဒီစုဆောင်းငွေ အပေါ်မှာလည်း သက်ဆိုင်ရာဘဏ်အနေနဲ့ အတိုးပေးဖို့ ဆောင်ရွက်ထားပါတယ်။ ၎င်းအမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)မူရင်းကို ဘဏ်ကိုအာမခံအဖြစ် တင်သွင်းရမှာ ဖြစ်ပါ တယ်။ JICA Two Step Loan Agriculture စီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ ၂၁-၇-၂၀၁၇ ရက်နေ့ကစပြီးတော့ ၃၀-၁၂-၂၀၁၉ ရက်နေ့အထိကို မြို့နယ်ပေါင်း (၁၇၂)ခုမှာ တောင်သူ (၃၁၆၉)ဦးသို့ ထွန်စက်ကြီး(၁၄၉၅)စီး၊ ရိတ်သိမ်းခြွေလှေ့စက် (၁၄၇၈)စီး၊ ထော်လာဂျီ (၁၇၄)စီး၊ လက်တွန်းထွန်စက်(၂၀)စီး၊ ဆန်စက်(၂)လုံးသို့ အတိုးနှုန်း (၈)ရာခိုင်နှုန်းဖြင့် ချေးငွေ ဘီလီယံ ပေါင်း(၁၂၇.၃၇၁)ကို နှစ်တိုသက်တမ်း(၃)နှစ်၊ နှစ်ရှည်သက်တမ်း(၅)နှစ် ချေးငွေများအဖြစ် ထုတ်ချေးခဲ့ပြီး ဆက်လက်စိစစ်ထုတ်ချေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ ဂျပန်ချေးငွေအပြင် စောစောက တင်ပြသလိုပဲ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်ကလည်းပဲ Agriculture Two Step Loan အဖြစ်နဲ့ တောင်သူလယ်သမားများအပါအဝင် အငယ်စား၊ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအတွက်ကို အဓိကဦးစားပေးပြီး ရင်းနှီး မြှုပ်နှံမယ့် ချေးငွေ Investment Capital အစီအစဉ်အဖြစ်နဲ့ မြန်မာ့စီးပွားရေးဘဏ်မှ ကျပ်ဘီလီယံ (၂၀၀)ဖယ်ချန်ပြီးတော့မှ ၂၄-၄-၂၀၁၈ ရက်နေ့က စတင်ပြီးထုတ်ချေးခဲ့ပါတယ်။ MEB Two Step

Loan ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီချေးငွေကိုတော့ အတိုးနှုန်း(၉)ရာခိုင်နှုန်းသတ်မှတ်ပြီး သက်တမ်းကို (၃)နှစ်နဲ့(၅)နှစ် သတ်မှတ်ပါတယ်။ အဆိုပါချေးငွေထဲကနေပြီး ၃၀-၁၂-၂၀၁၉ ရက်နေ့အထိ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာချေးငွေကို မြို့နယ်ပေါင်း(၁၁၇)ခုမှာ လုပ်ငန်းသုံးစက်ကိရိယာဝယ်ယူရန်အတွက် တောင်သူ(၁၂၂၃)ဦး၊ စိုက်ပျိုးရေးလုပ်ကိုင်သူ(၈)ဦး၊ မွေးမြူရေးလုပ်ငန်းရှင်(၂၀)ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော စီးပွားရေးလုပ်ကိုင်တဲ့ တောင်သူလုပ်ငန်းရှင်(၃၆၇၈)ဦး၊ စုစုပေါင်း (၄၉၂၉)ဦးသို့ ငွေကျပ်(၁၂.၇၈၀)ဘီလီယံ ထုတ်ချေးပြီး ဖြစ်ပါတယ်။ ဒီမှာလည်းပဲ ဘီလီယံ (၂၀၀)ဖယ်ချန်ထားတဲ့အတွက်ကြောင့် အများကြီးချေးလို့ ရပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ၇-၆-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၄/၂၀၁၆)နဲ့ နိုင်ငံတော်သမ္မတကဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး ယခင်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ်နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ဗဟိုကော်မတီအောက်မှာ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ၂၉-၁၁-၂၀၁၇ ရက်နေ့မှာ ဒုတိယသမ္မတ(၁)က ဥက္ကဋ္ဌအဖြစ်နဲ့ဦးဆောင်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းခဲ့ပါတယ်။ အဆိုပါ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအောက်မှာ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း သုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ကို အသီးသီးဖွဲ့စည်းပြီး တာဝန်ပေးအပ်ခဲ့ပါတယ်။ အခြားတစ်ဖက်မှာလည်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၄-၁၀-၂၀၁၆ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီးတော့ ဒီကော်မတီမှာလည်း ဒုတိယသမ္မတ(၁) ဥက္ကဋ္ဌအဖြစ်နဲ့ ဦးဆောင်တဲ့ကော်မတီ ဖြစ်ပါတယ်။

ဒီကော်မတီအောက်မှာ ဆပ်ကော်မတီ (၅)ခုထပ်ပြီး ဖွဲ့ထားတာရှိပါတယ်။ ဒီ ဆပ်ကော်မတီတွေကတော့ အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဥပဒေလုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းကော်မတီ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီနှင့် စီးပွားရေးနှင့်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံပိုင်အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီတွေကို ထပ်မံဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီ(၅)ရပ်အနက်က ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအနေနဲ့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊

ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နဲ့ ချင်းပြည်နယ်တွေကို သွားရောက်ခဲ့ပြီးတော့ သက်ဆိုင်ရာကုန်သည် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနဲ့ တွေ့ဆုံပြီးတော့ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများကို ပိုမိုပြီးတော့ လွယ်ကူချောမွေ့အောင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

အဆိုပါ ခရီးစဉ်များအတွင်းမှာ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ တင်ပြဆွေးနွေးချက်များအပေါ်မှာ သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချေးငွေပမာဏများလည်း တိုးမြှင့်လာတာ တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ ယခင်ကာလများထက်ပိုပြီးတော့မှ SME ကဏ္ဍမှာ ချေးငွေများကို ပမာဏအားဖြင့်သော်လည်းကောင်း၊ ချေးငွေသက်တမ်းအားဖြင့်သော်လည်းကောင်း၊ တိုးတက်ထုတ်ချေးလျက်ရှိပြီး တစ်ဖက်ကလည်း ဖြေလျှော့နိုင်မယ့် စည်းကမ်းသတ်မှတ်ချက်များကို ဖြေလျှော့ပေးလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်နေ တောင်သူလယ်သမားများအတွက် “၀”ဥ စိုက်ပျိုးရေးချေးငွေ ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှာရှိတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ နှစ်စဉ် စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးခြင်း၊ JICA Two Step Loan ချေးငွေနဲ့ MEB, Two Step Loan ချေးငွေတွေကို လယ်ယာသုံးစက်ကိရိယာများ လယ်ယာကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ထုတ်ချေးခြင်းတွေကို တာဝန်ယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က လက်ရှိချေးငွေထုတ်ချေးနေတဲ့ သီးနှံအမျိုးအစား(၁၄) မျိုးကတော့ စပါး၊ ပဲမျိုးစုံ(၇)မျိုး(မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ကုလားပဲ၊ ပဲလွန်း၊ ပဲပုပ်၊ ဘိုကိတ်ပဲ) ဆီထွက်သီးနှံ(၃)မျိုး၊ (မြေပဲ၊ နှမ်း၊ ဆီမုန်ညင်း)ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်းနဲ့ ချက်ကြံတို့ ဖြစ်ပြီးတော့ လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ပြည်တွင်းစားသုံးမှုနဲ့ ပြည်ပပို့ကုန်အတွက်ကို အထောက်အကူဖြစ်စေနိုင်မယ့် ဈေးကွက်ဝင်သီးနှံ(၈)မျိုးဖြစ်တဲ့ ပဲမျိုးစုံ(၄)မျိုး (ထောက်ပတ်ပဲ၊ ပဲကြီး၊ ပဲယဉ်း၊ စားတော်ပဲ) ဆီထွက်သီးနှံ (၂)မျိုး (ပန်းနှမ်း၊ နေကြာ) စားဖိုဆောင်သီးနှံ (၂)မျိုး (ကြက်သွန်နီ၊ ငရုတ်)တို့ကို တိုးချဲ့ပြီး ထုတ်ချေးသွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်နေ တောင်သူလယ်သမားများအတွက် “၀”ဥ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ချေးငွေကို စိုက်ပျိုးစရိတ် ချေးငွေအစီအစဉ်အောက်က မချေးနိုင်သော်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စောစောက ကျွန်တော် တင်ပြတဲ့ MEB, Two Step Loan ချေးငွေ အစီအစဉ်အောက်မှာ ထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ MEB, Two Step Loan ကတော့ အတိုးနှုန်း

(၉)ရာခိုင်နှုန်း နှစ်တိုသက်တမ်း(၃)နှစ်၊ နှစ်ရှည်သက်တမ်း(၅)နှစ်ရှိတဲ့ ချေးငွေတွေကို ၂၀၁၈ ခုနှစ်၊ ဧပြီလက စတင်ပြီး ထုတ်ချေးပေးနေပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာပို့ကုန် တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးနဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအခြေခံ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေတဲ့ တောင်သူ လယ်သမား မည်သူမဆို အလွယ်တကူထုတ်ချေးပေးလျက်ရှိပါတယ်။

MEB Two Step Loan နဲ့ ချေးငွေရရှိနိုင်ဖို့က လယ်ယာမြေပိုင်ဆိုင်မှု အထောက်အထား ပုံစံ(၇)၊ ပုံစံ(၁၀၅)တွေ ကျွန်တော်တို့ ရှိဖို့လိုပါတယ်။ ရပ်ကွက်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ သက်ဆိုင်ရာဌာနရဲ့ထောက်ခံချက်၊ ချေးငွေရယူလိုသူများရဲ့ မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းအာမခံ သို့မဟုတ် ပူးတွဲအာမခံပေးနိုင်တဲ့ နှစ်ယောက်ရဲ့ ပူးတွဲအာမခံတို့ဖြင့် ချေးငွေ လျှောက်ထားနိုင်ပါကြောင်းနဲ့ လုပ်ငန်းပမာဏနဲ့ အာမခံတင်သွင်းနိုင်မှုအခြေအနေပေါ်မူတည်ပြီး ချေးငွေနှုန်းထား၊ ချေးငွေပမာဏ၊ ချေးငွေသက်တမ်းစတာတွေကိုသတ်မှတ်ပြီး ထုတ်ချေးမှာ ဖြစ်ပါ တယ်။ ချေးငွေရယူလိုသူများအနေနဲ့ လုံလောက်တဲ့အာမခံ မတင်သွင်းနိုင်လို့ရှိရင်လည်း မြန်မာ့ အာမခံလုပ်ငန်းနဲ့ ချိတ်ဆက်ပြီးတော့မှ Credit Guarantee Insurance–CGI စနစ်နဲ့လည်း ဆောင်ရွက်နိုင်ဖို့ဟာ စီစဉ်ပေးထားပါတယ်။ သို့ဖြစ်ပါ၍ နီးစပ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ကို ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ရဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ဝန်ထမ်းများအငြိမ်းစားယူတဲ့အခါမှာ သို့မဟုတ် နုတ်ထွက်တဲ့ အခါမှာ စုဆောင်းငွေတစ်ရပ်ရရှိရန် General Provident Fund (GPF)ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိမေးခွန်း ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်ဟာ ရန်ပုံငွေထူထောင်ထားခြင်း မရှိတဲ့ နိုင်ငံတော်ဘတ်ဂျက်မှ အလုံးစုံတာဝန်ယူကျခံတဲ့စနစ် Defined benefit System ဖြစ်ပါတယ်။

အဆိုပါစနစ်ကို လွတ်လပ်ရေးမရမီအချိန်ကပင် ကျင့်သုံးလာခဲ့ပြီး ယနေ့အထိ ဆက်လက် ကျင့်သုံးနေဆဲလည်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးခဲ့သည့်အတိုင်း General Provident Fund (GPF) အစီအစဉ်ကို ၁၉၆၃ ခုနှစ်ဝန်းကျင်ခန့်က နိုင်ငံပိုင် ဘုတ်/ကော်ပိုရေးရှင်း အဖွဲ့များမှာ ကျင့်သုံးခဲ့ကြောင်းသိရှိရပြီး ၁၉၇၀ ပြည့်နှစ်ဝန်းကျင်ကစပြီးတော့ ဆက်လက်ကျင့်သုံးမှု မရှိတော့ပါ။

ယခုအခါ ပင်စင်စားအင်အားဟာ နှစ်စဉ်တိုးတက်နေသည့်အပြင် ပင်စင်စားများရဲ့ မျှော်မှန်းသက်တမ်းဟာလည်း တိုးမြင့်လာခြင်းကြောင့် ပင်စင်လစာနှင့် ဆုကြေးအသုံးစရိတ်ကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီးသုံးစွဲလာရပါတယ်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပင်စင်လစာနဲ့

ဆုကြေးအသုံးစရိတ်မှာ ကျပ် (၁၁၁၆.၀၈၄) ဘီလီယံဖြစ်တဲ့အတွက်ကြောင့် (GDP) ရဲ့ (၁.၀၅) ရာခိုင်နှုန်းနဲ့ နိုင်ငံတော်ရငွေစုစုပေါင်းရဲ့ (၄.၈၉)ရာခိုင်နှုန်း နိုင်ငံတော်အသုံးစရိတ်စုစုပေါင်းရဲ့ (၄.၀၄) ရာခိုင်နှုန်းခန့် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပင်စင်အသုံးစရိတ်အတွက် နိုင်ငံတော်ဘတ်ဂျက်က တိုက်ရိုက်ကျခံသုံးစွဲနေရမှုမှ သက်သာစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် ပင်စင်ရန်ပုံငွေစနစ် ဖြစ်ပေါ်လာစေရန် မြန်မာနိုင်ငံရဲ့ လက်ရှိ နိုင်ငံ့ဝန်ထမ်းပင်စင်စနစ်ကို အခြားသော ကမ္ဘာ့နိုင်ငံများမှာ ကျင့်သုံးဆောင်ရွက်နေကြတဲ့ ရန်ပုံငွေကိုအခြေခံပြီး ခံစားခွင့်ပြုတဲ့စနစ် (Defined Contribution System)သို့ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် စဉ်းစားသုံးသပ်လျက်ရှိပါတယ်။

ဒီလိုပြောင်းလဲလိုခြင်းကတော့ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများအငြိမ်းစားယူတဲ့အခါ ဘဝနေရေးအတွက် လုံလောက်တဲ့ ဝင်ငွေရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် တစ်လုံးတည်းဆုကြေးနှင့် လစဉ်ပင်စင်ထောက်ပံ့ကြေးတွေကို ရွေးချယ်ခံစားနိုင်ရေးအတွက် ရေရှည်တည်တံ့ခိုင်မာစွာဖြင့် ဆောင်ရွက်နိုင်ရန်ဖြစ်ပါတယ်။ သို့ဖြစ်ရာ နိုင်ငံတော်သမ္မတရုံးက ၁၉-၂-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၉) ဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သည့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund –CPF) အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။ အဆိုပါကော်မတီရဲ့လုပ်ငန်းများကို အထောက်အကူပြုဖို့ အကောင်အထည်ဖော်ရေးလုပ်ငန်း အထောက်အကူပြု ဆပ်ကော်မတီနဲ့ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေကြမ်းရေးဆွဲရေးဆပ်ကော်မတီများကိုလည်းပဲ ၂၁-၃-၂၀၁၉ ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထပ်ဆင့်ပြီး ဖွဲ့စည်းခဲ့ပါတယ်။

အဆိုပါကော်မတီဟာ စတင်ဖွဲ့စည်းခဲ့ချိန်ကစပြီး ယနေ့အထိ ကော်မတီအစည်းအဝေး (၅)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါတို့ကို အဓိကဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေကို ဖွဲ့စည်းတည်ထောင်နိုင်ရန် အခြားနိုင်ငံများ၏ ဆောင်ရွက်မှုပုံစံများကို လေ့လာခြင်း၊ မိမိနိုင်ငံနဲ့ သင့်လျော်ကိုက်ညီနိုင်မည့်ပုံစံကိုဖော်ထုတ်ခြင်း၊ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေကြမ်းကို ရေးဆွဲပြုစုခြင်း၊ ပထမမူကြမ်းကိုကော်မတီသို့ တင်ပြဆွေးနွေးခြင်း၊ ကော်မတီဝင်များရဲ့ အကြံပြုဆွေးနွေးချက်များအရ ဒုတိယမူကြမ်းပြုစုတင်ပြပြီး ဆက်လက်ဆွေးနွေးခြင်းတို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပင်စင်စနစ် ပြုပြင်ပြောင်းလဲရေးစီမံချက်ကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ ဟန်ချက်ညီတဲ့ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP)မှာလည်းပဲ ချိတ်ဆက်ပြီး စီမံကိန်းဘဏ် (Project Bank)ထဲမှာ ဗျူဟာမြောက်စီမံကိန်းတစ်ခုအဖြစ်နဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကစပြီး ထည့်သွင်းထားရှိပါတယ်။ ပင်စင်စနစ်

ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်ပြီး ကမ္ဘာ့ဘဏ်ထံကလည်း နည်းပညာအကူအညီများ ပေးအပ်လျက်ရှိရာမှာ Government Pension Fund စနစ်ကို ကျင့်သုံးတဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံကို ကမ္ဘာ့ဘဏ်၏စီစဉ်ပေးမှုနဲ့ သွားရောက်လေ့လာခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး စင်ကာပူနိုင်ငံမှာရှိတဲ့ Central Provident Fund စနစ်ကိုလေ့လာဖို့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် လေ့လာတင်ပြချက်ကို ၃၁-၁၀-၂၀၁၉ ရက်နေ့တွင် ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီက သဘောတူအတည်ပြုခဲ့ပြီးတော့ ၂-၁၂-၂၀၁၉ ရက်နေ့မှာ နိုင်ငံတော်စီးပွား ရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NECC)နှင့် ၂၀-၁၂-၂၀၁၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးတို့ထံ ဆက်လက်တင်ပြထားပြီး ဖြစ်ပါကြောင်းနှင့် လမ်းညွှန်မှုနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီကရေးဆွဲထားတဲ့ ဝန်ထမ်းနေ့ာင်ရေးဗဟို ရန်ပုံငွေဥပဒေ (ပထမမူကြမ်း)မှာ အခန်း(၁၁)ခန်း၊ ဥပဒေပုဒ်မ (၅၉)ခုပါဝင်ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အခြားဆက်စပ်ဌာနများကအဖွဲ့ဝင်များ ပါဝင်သည့်အဖွဲ့ဖြင့် ဝန်ထမ်းနေ့ာင်ရေးဗဟိုရန်ပုံငွေဥပဒေ (ဒုတိယမူကြမ်း)ကို ဆက်လက်ပြုစုရေးဆွဲပြီးဖြစ်ပါတယ်။ အဆိုပါ မူကြမ်းကိုလည်းပဲ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်လည်း ဆွေးနွေးလျက်ရှိပါတယ်။

ဗဟိုရန်ပုံငွေစနစ်ကို အကောင်အထည်ဖော်မည့်ပုံစံအကြမ်းဖျင်းကတော့ လစဉ်ထည့်ဝင်ကြေးကို ဝန်ထမ်းနှင့် အစိုးရကနေပြီး အချိုးတူထည့်ဝင်တဲ့ စနစ်ကိုကျင့်သုံးရန် ရည်ရွယ်ထားပြီး ဝန်ထမ်းပင်စင်ယူတဲ့အချိန်မှာ လက်ရှိအကျိုးခံစားခွင့်ထက် ပိုမိုသည့်ခံစားခွင့်တွေရရှိနိုင်အောင်၊ ငွေကြေးဖောင်းပွမှုဒဏ်ကို မခံရအောင်၊ တစ်လုံးတစ်ခဲတည်းခံစားလိုတဲ့ပမာဏ၊ အရေအတွက် လစဉ်ခံစားလိုသည့်ပမာဏစသဖြင့် ရွေးချယ်နိုင်ခွင့်တွေရှိအောင်၊ ကျန်းမာရေးစောင့်ရှောက်မှုခံစားခွင့်စသည်တို့ကို ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ပါတယ်။ အဓိကအားဖြင့် ဝန်ထမ်းအတွက်ကို အငြိမ်းစားယူပြီးတဲ့နောက်မှာ လုံလောက်တဲ့ နေထိုင်စားသောက်စရိတ်ရရှိနိုင်ရေးကို ရည်ရွယ်ပါတယ်။ ဒီနေရာမှာ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ အခန်းကဏ္ဍဟာ လွန်စွာအရေးကြီးပါတယ်။

တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက်ရမည်ဖြစ်ပြီးတော့ နည်းလမ်းတကျနဲ့ ရန်ပုံငွေကိုတိုးပွားအောင်၊ ဆုံးရှုံးနိုင်ခြေမရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ရေး၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစွမ်းရည်ပြည့်ဝစွာနဲ့ ရွေးချယ်ရင်းနှီးမြှုပ်နှံအောင် အငြိမ်းစားဝန်ထမ်းများရဲ့ ယုံကြည်မှုရရှိရေးစသည်တို့ ပြည့်စုံနိုင်သမျှပြည့်စုံအောင်ပါဝင်စေဖို့ ဥပဒေကြမ်းမှာ ကျွန်တော်တို့ ထည့်သွင်းပြုစုရမှာ ဖြစ်ပါတယ်။ ဒီလို စီစဉ်ဆောင်ရွက်တဲ့နေရာမှာ လက်ရှိခံစားနေကြတဲ့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနေနဲ့လည်း

လက်ရှိစနစ်အတိုင်း မပြောင်းလဲဘဲနဲ့ ဆက်လက်ပြီးတော့ ခံစားနိုင်မည်ဖြစ်ပါတယ်။ နောင်အချိန် ပြဋ္ဌာန်းမည့်ဥပဒေနှင့် အကျုံးဝင်သော အသစ်ဝင်ရောက်လာမည့်ဝန်ထမ်းများ၊ လုပ်သက်မများ သေးတဲ့ဝန်ထမ်းများ (ဥပမာ– လုပ်သက် (၁၀)နှစ်အောက် ဝန်ထမ်းများ) စသဖြင့် သူတို့ကိုသာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါတယ်။ ထို့အပြင် စတင်ချိန်ကာလမှာ လည်းပဲ နိုင်ငံ့ဝန်ထမ်းများအတွက်ကိုသာ စတင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund)တည်ထောင်ဆောင်ရွက်ရန် အစီအစဉ်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုနိုင် ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နှစ်စဉ်တစ်လတစ်ကြိမ် (၁)ရက်နေ့တိုင်း ဖွင့်လှစ်ပေးနေသည့် အောင်ဘာလေဆုမဲများကို ထီကံစမ်းထားသည့် အများ ပြည်သူထီပေါက်ခွင့်(ကံထူးခွင့်) အခွင့်အလမ်းများပိုမိုလာစေရန် ယခုလက်ရှိဖွင့်လှစ်ပေးနေသည့် ဆုမဲများမှထပ်ဆောင်းဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီး ဌာန အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် အောင်ဘာလေထီကို ၁၉၃၈ ခုနှစ်မှ စတင်ဆောင်ရွက် ခဲ့ပြီး၊ (၂)ကျပ်တန်ထီ၊ (၅)ကျပ်တန်ထီ၊ (၁၀)ကျပ်တန်ထီ၊ (၅၀)ကျပ်တန်ထီ၊ (၁၀၀)ကျပ်တန်ထီ၊ (၂၀၀)ကျပ်တန်ထီ၊ (၅၀၀)ကျပ်တန်ထီနှင့် နောက်ဆုံး (၁၀၀၀)ကျပ်တန်ထီ စသည်ဖြင့် ခေတ်စနစ်နှင့် လျော်ညီစွာ ထီလက်မှတ်တန်ဖိုးတွေကို တိုးမြှင့်ခြင်းနှင့် ဆုမဲအရေအတွက် ဆုမဲတန်ဖိုး တိုးမြှင့်ခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ထီဆုငွေများချီးမြှင့်တဲ့နေရာမှာ ထီလက်မှတ်ရောင်းရ ငွေ၏ (၆၀) ရာခိုင်နှုန်းကို ထီဆုမဲများအဖြစ် ခွဲဝေချီးမြှင့်ပေးပြီး၊ (၄၀)ရာခိုင်နှုန်းကို နိုင်ငံတော်၏အခွန် ဘဏ္ဍာငွေသို့ ပေးသွင်းပါတယ်။ လက်ရှိ (၁၀၀၀)ကျပ်တန်ထီမှာ အမြင့်ဆုံးဆုမဲအဖြစ် ကျပ်သိန်း တစ်သောင်း ငါးထောင်နှင့် အနိမ့်ဆုံးဆုမဲတန်ဖိုးကျပ် ငါးသောင်းဖြင့် ဆုမဲတန်ဖိုးအမျိုးအစား စုစုပေါင်း(၁၅)မျိုးကို သတ်မှတ် ချီးမြှင့်ပေးလျက်ရှိပါတယ်။

ထိုသို့ ထီဆုမဲများ ခွဲဝေချီးမြှင့်ရာတွင် အထူးဆုကြီးများ၊ တစ်ဆုချင်းဆုများ၊ ဝေဝေ ဆာဆာ ပဒေသာဆုများစသည်ဖြင့် ခွဲခြားပြီး လစဉ် ဆုမဲအရေအတွက် စုစုပေါင်း(၂)သိန်း ကျော်အား ခွဲဝေချီးမြှင့်ပေးလျက်ရှိတဲ့အတွက်ကြောင့် လစဉ်ကံထူးသူအရေအတွက် (၂)သိန်းကျော် ရရှိခံစားမှု ရှိကြောင်းတွေ့ရပါတယ်။ ဈေးကွက်အတွင်းမှာ ထီကံစမ်းကြသူများဟာ ထီတစ်စောင်ချင်း ကံစမ်းသူ ရှိသလို(အက္ခရာမတူ/ဂဏန်းတူ)နှစ်စောင်တွဲ၊ သုံးစောင်တွဲ၊ ငါးစောင်တွဲ၊ ဆယ်စောင်တွဲ စသည်ဖြင့် ကံစမ်းကြသူများပြားသည်ကို တွေ့ရပါတယ်။ အထူးဆုကြီးများ၏ အက္ခရာမတူ၊ ဂဏန်းတူ ထီလက်မှတ်များကို ဆုငွေချီးမြှင့်ပါက ကံထူးသူအရေအတွက် တိုးတက်လာမည်ဟု

ပုံသေကားချ ကျွန်တော်တို့ ယူဆ၍မရပါ။ ဘာကြောင့်လဲဆိုတော့ အထက်ပါကဲ့သို့ (၂)စောင်တွဲ၊ (၃)စောင်တွဲ၊ (၅)စောင်တွဲ စသည်ဖြင့် ထိုးကြတဲ့အတွက်ကြောင့် ဒီလိုထိုးတဲ့သူတွေဟာ ဆုကြီးရော၊ ဆုသေးပါ တွဲပြီးတော့ပေါက်နိုင်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ဆန္ဒပြုချက်မှာ ကောင်းမွန်သော်လည်း လက်တွေ့ လုပ်ဆောင်တဲ့နေရာမှာ ဆုမဲခွဲဝေရာမှာ ကျွန်တော်တို့အခက်အခဲရှိနိုင်မှာဖြစ်ပါတယ်။ ဥပမာ သိန်း(၁၅၀၀၀)တစ်ဆုတည်းကိုကြည့်လို့ရှိရင်အက္ခရာမတူ၊ ဂဏန်းတူများဟာ ထီလက်မှတ်ထုတ်ဝေသည့် အက္ခရာအရေအတွက်အပေါ်မူတည်ပြီးတော့ ဖြစ်ပေါ်လာမည်ဖြစ်ပါတယ်။ ယခုအခါမှာ အက္ခရာ (၄၀) လုံးထုတ်ဝေနေသဖြင့် အက္ခရာမတူ၊ ဂဏန်းတူ (၃၉)စောင် ကျွန်တော်တို့ရှိပါတယ်။ အဆိုပါ (၃၉)စောင်ကို ဆုကြီး၏ (၁၀)ရာခိုင်နှုန်းဖြင့် သိန်း(၁၅၀၀)စီ ချီးမြှင့်မယ်ဆိုလို့ရှိရင် သိန်းပေါင်း(၅၈၅၀၀) ချီးမြှင့်ရမှာ ဖြစ်ပါသည်။ အဲဒီလိုချီးမြှင့်မယ်ဆိုလို့ ရှိရင်ကျန်ဆုကြီးများစွာကို ဖြုတ်ပစ်ရမည်ဖြစ်ခြင်း၊ ဆုမဲခွဲဝေပေးမည့် ရောင်းရငွေ၏ (၆၀)ရာခိုင်နှုန်းထက်ကျော်လာခြင်းတို့ ဖြစ်ပေါ်လာမည် ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို လေ့လာပြီး ဖြေတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ (၁၀)ရာခိုင်နှုန်းလို့ ပါတဲ့အတွက်ကြောင့် တကယ်လို့ အက္ခရာမတူ၊ ဂဏန်းတူ (၃၉)စောင်လုံးကို (၁၀)ရာခိုင်နှုန်းဖြစ်တဲ့ သိန်း(၁၅၀၀)စီနဲ့ တွက်ထားတာဖြစ်ပါတယ်။ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်မှာတော့ (၁၀)ရာခိုင်နှုန်းကိုမှ ထပ်ပြီးတော့ ဒီ (၃၉)စောင်ကိုခွဲပြီး (၀.၁)ရာခိုင်နှုန်းလောက်ပဲရှိတဲ့ (၁၅)သိန်းတို့၊ (၁၀)သိန်းတို့၊ (၅)သိန်းတို့ ဒါကိုတော့ကျွန်တော်တို့ တွက်ချက်ပြီး တင်ပြထားခြင်းမရှိသေးပါဘူး။ ဒါကတော့ ကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြချက်ကို ဒီနေ့မှ ကျွန်တော်တို့ အစည်းအဝေး ထဲမှာမှ သိရတာဖြစ်ပါတယ်။

တစ်ဖက်ကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုတိုက်တွန်းထားသလို အထူးဆုကြီးများဖြစ်သည့် ကျပ်သိန်းတစ်သောင်းငါးထောင်၊ ကျပ်သိန်းတစ်သောင်း၊ ကျပ်သိန်းငါးထောင်၊ ဆုမဲနံပါတ်များမှာ အက္ခရာမတူ၊ ဂဏန်းတူလက်မှတ်များအနေဖြင့် ထီဆုငွေခံစားခွင့် မရှိကြတဲ့အတွက်ကြောင့် ၎င်းတို့အတွက် စိတ်ဖြေသာစေဖို့ ခံစားခွင့်တစ်ခုခု စီစဉ်ပေးနိုင်မယ်ဆိုရင် သင့်လျော်မည်ဖြစ်ကြောင်းကိုလည်းပဲ သုံးသပ်တွေ့ရှိရပါတယ်။ အောင်ဘာလေထီလုပ်ငန်းမှာ ဆုမဲခွဲဝေမှုပြင်ဆင်သည့်အချိန်တိုင်း ဝယ်လိုအားမြင့်တက်သည့် အစဉ်အလာရှိတဲ့အတွက်ကြောင့် လက်ရှိရောင်းချနေတဲ့ (၁၀၀၀) ကျပ်တန်ထီမှာ ယင်းသို့ ဆုမဲပြင်ဆင်မှုများ ဆောင်ရွက်ပါက ဝယ်လိုအားမြင့်တက်လာနိုင်ကြောင်းကိုလည်းပဲ မျှော်မှန်းရပါတယ်။

သို့ရာတွင် တစ်ဖက်ကလည်း မင်္ဂလာစုံတွဲထီစနစ်များ ပြန်လည်အသက်ဝင်လာပြီး ထီလက်မှတ်ဈေးကြီးမြင့်မှုများလည်း ပိုမိုဖြစ်လာနိုင်မယ်ဆိုတဲ့အချက်ကိုလည်း ပဲထည့်သွင်းစဉ်းစား ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ (၁၀၀၀)ကျပ်တန် အောင်ဘာလေထီမှာ ခွဲဝေချီးမြှင့်လျက်ရှိတဲ့ ထီဆုမဲအရေအတွက်ကို ထီလက်မှတ်ရောင်းရငွေရဲ့ (၆၀)ရာခိုင်နှုန်းဘောင်အတွင်းမှာ ပထမအဆင့် အနေဖြင့် အမြင့်ဆုံးအထူးဆုကြီး၏ အက္ခရာမတူ၊ ဂဏန်းတူထီလက်မှတ်များကို ထီဆုငွေထည့်သွင်း ချီးမြှင့်နိုင်ရေးကိစ္စကို ဦးစွာသုံးသပ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်းနဲ့ ယနေ့ ကိုယ်စားလှယ်ကြီးရဲ့ ဆွေးနွေးချက်များအပေါ်မှာလည်း ပြည်တွင်းအခွန်များဦးစီးဌာနနဲ့ ဝန်ကြီးဌာနစီမံခန့်ခွဲရေး ကော်မတီတို့မှာ ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်မည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ၏ ၂၀၁၉-၂၀၂၀ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ပြင်ဆင်ပြီးခဲ့တဲ့ မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်ဥပဒေများအရ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန်ရာခိုင်နှုန်းများ လျှော့ချပြင်ဆင်ခဲ့သည့်အပေါ် ယနေ့အထိရရှိသော ပုံမှန်ဝင်ငွေခွန်၊ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန်၊ တံဆိပ်ခေါင်း ခွန်များရရှိမှုအခြေအနေနှင့် သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်တိမ်းရှောင်မှု အပေါ်ဥပဒေပြဋ္ဌာန်းပြီးသည်မှ ယနေ့အချိန်ထိ အရေးယူဆောင်ရွက်မှု အရေအတွက်နှင့် အခြေအနေတို့ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၃၀ နဲ့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့နေရာမှာ အဆိုပါဥပဒေ၏ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)မှာ မြေ၊ အဆောက်အအုံနှင့် တိုက်ခန်းများ၊ မော်တော်ယာဉ်စတဲ့ အခြေပစ္စည်းများ ဝယ်ယူရာတွင် သက်သာသောနှုန်းထားဖြင့် အခွန်ပေးဆောင်နိုင်စေရန် စည်းကြပ်မှုက လွတ်ကင်းနေတဲ့ ဝင်ငွေအပေါ် ကျသင့်မည့် အခွန်နှုန်းထားများကို လျှော့ချပေးထားပါတယ်။

အဆိုပါပြဋ္ဌာန်းချက်အရ အခွန်သက်သာခွင့်နှုန်းထားများသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိသာ အကျိုးသက်ရောက်မည် ဖြစ်သည့်အတွက် အခြေပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ တိုးချဲ့ခြင်းအတွက် အသုံးပြုငွေ (စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ) အပေါ် အထက်ပါ နှုန်းထားဖြင့် အခွန်ပေးဆောင်သူဦးရေတိုးတက်လာသည်ကို တွေ့ရပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ ပထမ(၃)လစည်းကြပ်မှုမှ လွတ်ကင်းနေတဲ့ ဝင်ငွေ အပေါ်မှာ အခွန်ထမ်းဦးရေကိုကြည့်ရင် (၁၂၀၂၀)ဦး ရှိခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အလားတူကာလ အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ ပထမ(၃)လမှာ စည်းကြပ်မှုမှ လွတ်ကင်းနေသော

ဝင်ငွေအပေါ် အခွန်ထမ်းဦးရေ (၄၃၀၇၀)ဦးရှိတဲ့အတွက်ကြောင့် အခွန်ထမ်းဦးရေအားဖြင့် (၃၁၀၅၀)ဦး ပိုမိုလာပြီး ရာခိုင်နှုန်းအားဖြင့် (၂၅၈.၃၁၉)ရာခိုင်နှုန်း တိုးတက်လာတာကို တွေ့ရပါတယ်။

စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေဖြင့်အခြေပစ္စည်း ဝယ်ယူ/တည်ဆောက်ခဲ့မှုများ အပေါ် ယခင်နှစ် ပထမ (၃)လမှာ ကျပ်(၂၂၄၀၅.၄၇၄)သန်း ရရှိခဲ့ပြီး ယခုနှစ် ပထမ(၃) လတွင် ဝင်ငွေခွန်ကောက်ခံရရှိမှု ကျပ် (၃၇၂၉၄.၅၇၆) သန်းကောက်ခံရရှိခဲ့သဖြင့် ကျပ်(၁၄၈၈၉.၁၀၂)သန်း တိုးတက်ကောက်ခံရရှိခဲ့ပါတယ်။ တိုးတက်မှုရာခိုင်နှုန်းအနေဖြင့် (၆၆.၄၅၃) ရာခိုင်နှုန်းဖြစ်ပါတယ်။ ပုံမှန်ဝင်ငွေခွန်ကောက်ခံရရှိမှုနှင့်စပ်လျဉ်း၍ စည်းကြပ်မှုမှ လွတ်ကင်းနေတဲ့ဝင်ငွေမှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များမှ ယခင်နှစ် ပထမ (၃)လတွင် ကျပ် (၅၇၂.၈၆၈) ဘီလီယံကောက်ခံရရှိခဲ့ပြီး ယခုနှစ် ပထမ(၃)လမှာ (၅၉၈.၀၉၄) ဘီလီယံ ကောက်ခံရရှိခဲ့တဲ့အတွက်ကြောင့် ကျပ်(၂၅.၂၂၆)ဘီလီယံ တိုးတက်ကောက်ခံရရှိတာကိုလည်း တွေ့ရပါတယ်။

တိုးတက်မှုရာခိုင်နှုန်းကတော့ (၄.၄၀၃)ရာခိုင်နှုန်းဖြစ်ပါတယ်။ အထက်ပါ အခြေပစ္စည်း ဝယ်ယူ တည်ဆောက်မှုများနှင့် စပ်လျဉ်းတဲ့ တံဆိပ်ခေါင်းခွန်မှာလည်း တိုးတက်လာပါတယ်။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၉ နဲ့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ရာ အဆိုပါ ပြင်ဆင်တဲ့ဥပဒေအရ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲ ဇယားမှာပါရှိတဲ့ အမှတ်စဉ်(၂၃)ရှိ ပစ္စည်း လွှဲပြောင်းခြင်းစာချုပ်စာတမ်း၏ ကျသင့်တံဆိပ်ခေါင်းခွန် နှုန်းထားကို (၃)ရာခိုင်နှုန်းမှ (၂)ရာခိုင်နှုန်း သို့ လျှော့ချပြီးတော့ပြင်ဆင်ပေးခဲ့ပါတယ်။

သို့ဖြစ်ရာ အထက်ပါပစ္စည်းလွှဲပြောင်းခြင်း စာချုပ်စာတမ်းများအပေါ်မှာ အမှန်ကျသင့်မည့် တံဆိပ်ခေါင်းခွန်နှင့် အပိုတံဆိပ်ခေါင်းခွန် (၂)ရာခိုင်နှုန်း ကျသင့်မည်ဖြစ်တဲ့အတွက်ကြောင့် ယခင်က (၃)ရာခိုင်နှုန်း + (၂)ရာခိုင်နှုန်း= (၅)ရာခိုင်နှုန်း ပေးဆောင်ရသည့်အစား ပြင်ဆင်ပြီးတဲ့နောက်မှာ ယခု (၂)ရာခိုင်နှုန်း + (၂)ရာခိုင်နှုန်း= (၄)ရာခိုင်နှုန်းသာ ကျသင့်မှာဖြစ်ပါတယ်။ ဒီလိုလျှော့ချပေးထား ပေမယ့် တံဆိပ်ခေါင်းခွန်ပေးဆောင်မှုနှင့်ပတ်သက်ပြီး ယခင်နှစ် ပထမ (၃)လနဲ့ ယခုနှစ် ပထမ(၃) လယှဉ်တဲ့အခါမှာ တိုးတက်လာတာကို တွေ့ရှိရပါတယ်။ ယခင်နှစ်ပထမ(၃)လမှာ ကျပ်(၆၈၆၁)သန်း ရရှိခဲ့ပြီး ယခုနှစ် ပထမ (၃)လမှာ ကျပ်(၉၆၂၉)သန်း ရရှိခဲ့တဲ့အတွက်ကြောင့် ကျပ်သန်းပေါင်း (၂၇၆၇)သန်း တိုးတက်ကောက်ခံရရှိခဲ့ပါတယ်။ တိုးတက်ရရှိမှု ရာခိုင်နှုန်းအားဖြင့် (၄၀.၃၃၆) ရာခိုင်နှုန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၂၅(က)တွင် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ် ကျသင့်မည့် အခွန်နှုန်းထားများအား လျော့ပေါ့သက်သာခွင့်ပေးခဲ့သဖြင့် အဆိုပါနှုန်းထားများဖြင့် အခွန်ပေးဆောင်လျက်ရှိပါကြောင်း

ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပထမ (၃)လတွင် စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်အခွန်ထမ်းဦးရေ အားဖြင့်သော်လည်းကောင်း၊ အခွန်ပေးဆောင်မှုပမာဏအားဖြင့် သော်လည်းကောင်း၊ ၎င်းနှင့်ဆက်စပ်ပြီး တံဆိပ်ခေါင်းခွန်ပေးဆောင်သည့် ပမာဏအားဖြင့် သော်လည်းကောင်း တိုးတက်ပေးဆောင်လာသည်ကို တွေ့ရှိရပါကြောင်းနဲ့ ဥပဒေပြဋ္ဌာန်းပြီးတဲ့ အချိန်ကနေ ယနေ့အချိန်အထိ အခွန်တိမ်းရှောင်မှုများ ပေါ်ပေါက်မှုမရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးလိုက်။

**ဒေါက်တာပြည့်ဖြိုး၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ မေးခွန်းရဲ့ နောက်ဆုံးအပိုင်းဖြစ်တဲ့ အခွန်တိမ်းရှောင်မှုနဲ့ပတ်သက်ပြီး မရှိသေးပါဘူးဆိုပြီး ဒုတိယဝန်ကြီး ကနေပြီးတော့ ဖြေကြားသွားတာရှိပါတယ်။ ကျွန်တော် ဆက်စပ်မေးလိုတာကတော့ လက်ရှိ အခြေအနေမှာဆိုရင် ကျွန်တော်တို့ အခွန်တိမ်းရှောင်မှုတွေဟာ အရင်တုန်းကလည်းရှိတယ်။ လက်ရှိ အခြေအနေမှာလည်းရှိဆဲပဲ ဖြစ်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ တင်ပြရမယ်ဆိုရင် ရုပ်ရှင်လုပ်ငန်း များနဲ့ပတ်သက်ပြီး ဒီအခွန်တိမ်းရှောင်မှု ရန်ကုန်တိုင်းဒေသကြီးမှာ ဒီလိုအနေအထား တွေ့ရှိခဲ့ပါတယ်။ သက်ဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့နယ်တစ်ခုရဲ့ အခွန်ဦးစီးဌာနက နောက်ဆုံးအခွန်တွေ အကြောင်းကို ဆွေးနွေးရာမှ အခွန်ဆိုတာ မဆောင်လည်းရတယ်ဆိုပြီးတော့ ပြောသွားတဲ့ အထောက်အထား တွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခွန်ဥပဒေပြစ်မှုနှင့် ပြစ်ဒဏ်များ Penalty အရဆိုရင် ဒီကျူးလွန်တဲ့သူတိုင်းကို ပေးဖို့မဟုတ်ပါဘူး။ နောက်ဒီဌာနဆိုင်ရာ အပါအဝင် တကယ်မဆောင်တဲ့ သူတွေကို ဥပဒေတွေအရလည်း ဒီကျူးလွန်မှုတွေလျော့ကျသွားမယ်ဆိုပြီးတော့ ဒီလို စံနမူနာနဲ့ ပေးရတာတွေရှိပါတယ်။ အဲဒီတော့ ဒါတွေနဲ့ ပတ်သက်ပြီးတော့လည်း ဘယ်လို ဆောင်ရွက်မလဲ ဆိုတာ သိရှိလိုပါတယ်ခင်ဗျား။

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခွန်ယဉ်ကျေးမှုကို ထွန်းကားအောင် ကျွန်တော်တို့ ပျိုးထောင်ပြီး ဆောင်ရွက်နေတဲ့ကာလဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ သက်ဆိုင်ရာ အခွန်ဥပဒေမှာ ပါတဲ့ အရေးယူနိုင်တဲ့ ပြဋ္ဌာန်းချက်တွေ ကျွန်တော်တို့ ရှိပါတယ်။ ဒီနောက်ဆုံးပြဋ္ဌာန်းခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ ဇွန်လမှာ ပြဋ္ဌာန်းခဲ့တဲ့ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေမှာလည်းပဲ ကျွန်တော်တို့ အခန်း(၁၀)၊ ပုဒ်မ ၆၄ မှာ ဒဏ်ကြေးငွေများကို ဖော်ပြထားပြီး အခန်း(၁၁)၊ ရာဇဝတ်ကြောင်းအရ အရေးယူခြင်း၊ ပြစ်မှု ပြစ်ဒဏ်များလည်း ဖော်ပြပါရှိပါတယ်။ ပုဒ်မ ၇၅၊ ၇၆၊ ၈၁ တို့ဖြစ်ပါတယ်။ နောက်ဆုံး ကျွန်တော်တို့ ဝင်ငွေခွန်ဥပဒေနဲ့ ပတ်သက်ပြီး ၁၉၇၄ ခုနှစ်ဝင်ငွေခွန်ဥပဒေရဲ့ ပြစ်မှု ပြစ်ဒဏ်များမှာ ၄၆၊ ၄၇(က)(ခ)(ဂ)တို့မှာ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ ကျွန်တော်တို့ ထောင်ဒဏ်တွေ၊ ငွေဒဏ်တွေလည်းရှိပါတယ်။ နောက် ၁၉၉၀ ပြည့်နှစ်ကုန်သွယ်လုပ်ငန်းခွန် ဥပဒေရဲ့

ပုဒ်မ ၂၁ မှာလည်း ကျွန်တော်တို့ အလားတူပဲ ထောင်ဒဏ်၊ ငွေဒဏ်တို့ရှိပါတယ်။ ကျွန်တော်တို့ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ကတော့ ဒီလို အခွန်တိမ်းရှောင်မှု ပေါ်ပေါက်လာတာကို ကျွန်တော်တို့ ကိုယ်တိုင်တွေ့ရှိတာလည်းရှိပါတယ်။ ကျွန်တော်တို့ကို တိုင်ကြားလို့ တိုင်ကြားတဲ့သူကနေပြီးတော့ သတင်းအချက်အလက်အတိအကျနဲ့ တိုင်ကြားတဲ့အတွက်ကြောင့် တွေ့ရှိတာလည်းရှိပါတယ်။ ဒီလို တွေ့ရှိလာပြီဆိုလို့ရှိရင် ကျွန်တော်တို့ ဒဏ်ငွေကို ဒီဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အတိုင်း ဒဏ်ငွေ ရိုက်ပါတယ်။ တချို့ဆိုလို့ရှိရင် ဒဏ်ငွေ တော်တော်ကြီးကြီးမားမားကို အရိုက်ခံရတဲ့ အရေးယူ အပြစ်ပေးမှုမျိုးတွေ ရှိပါတယ်။ ဒါ ယနေ့အချိန်အထိတော့ ထောင်ချတာတို့၊ ဘာတို့တော့ ကျွန်တော်တို့ ဒါယဉ်ကျေးမှုကို ပျိုးထောင်နေတဲ့ကာလဖြစ်တဲ့အတွက်ကြောင့် လုပ်ရခြင်းမရှိသေးပါဘူး။ သို့ရာတွင် ဒီလို ဒဏ်ငွေရိုက်တာကတော့ အနည်း၊ အများ ကျွန်တော်တို့ တော်တော်များများ လေးရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၂:၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၄။**

**ဒေါ်နန်းနီနီအေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀ - ၀၆၅

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလ ၁၉ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၃ - ၂ -၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)၊ ဗိုလ်ကြီးဒေါ်အေးသဥ္ဇာကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့က ၁၁ - ၂ - ၂၀၂၀ ရက်နေ့တွင် အကြံပြု ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၃-၂-၂၀၂၀ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို ညှိနှိုင်းဆွေးနွေးရာတွင် -

(က) ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၄။ ဝန်ကြီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဌာနဆိုင်ရာများမှ စာကြည့်တိုက်ပညာ ကျွမ်းကျင်သူနှစ်ဦးနှင့် ခြောက်ဦးထက်မပိုသော စာကြည့်တိုက်ပညာပြင်ပ ကျွမ်းကျင်သူများက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး(စာကြည့်တိုက်မှူး)က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အမျိုးသားစာကြည့်တိုက် ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ကြီးကြပ်မှုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ခ) ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် အပိုဒ် ၁၃ တွင် ဖော်ပြထားသော အရေးကြီးသော စာပေအနုပညာပစ္စည်းများကို ရွေးချယ်သတ်မှတ်ပြီး မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဆိုသည့် စကားရပ်ကို အရေးကြီးသော စာပေအနုပညာပစ္စည်းများကို ရွေးချယ်သတ်မှတ်ပြီး စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၆ တွင်ဖော်ပြထားသော မူလပိုင်ရှင်ထံမှ ခွင့်ပြုချက် ရယူပြီး တစ်နည်းနည်းဖြင့် ကူးယူ၍ဖြစ်စေ ဆိုသည့်စကားရပ်ကို မူလပိုင်ရှင်၏ ခွင့်ပြုချက်ဖြင့် ကူးယူ၍ဖြစ်စေ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

(ဂ) ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၁၅၊ အပိုဒ်ခွဲ(က) တွင်ပါရှိသော ကျပ်တစ်ဆယ်သိန်း ဒဏ်ကြေးချမှတ်ရမည်။ ဆိုသည့်စကားရပ်ကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းထိ ဒဏ်ကြေး ချမှတ်ရမည်။ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၅၊ အပိုဒ်ခွဲ (ခ) တွင် ပါရှိသော စကားရပ်များ အစား အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေ အနုပညာ ပစ္စည်းများကို မိတ္တူကူးယူခြင်း၊ မူပွားခြင်း၊ အသွင်ပြောင်း ကူးယူခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းတို့အား ခွင့်ပြုချက်မရှိပဲ တစ်နည်းနည်းဖြင့် ပြုလုပ်ခဲ့လျှင် ထိုသူကို ကျပ် ၁၀ သိန်း ဒဏ်ကြေး၊ ခွင့်ပြုချက်မရှိဘဲ စီးပွားရေး အလို့ငှာ တစ်နည်းနည်းဖြင့် ပြုလုပ်ခဲ့လျှင် ထိုသူကို ကျပ်သိန်း ၂၀ ဒဏ်ကြေး ချမှတ်ရမည်။ ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်း သဘောတူညီမှုရရှိခဲ့ပါသည်။

(ဃ) ပိုမိုပြည့်စုံမှုရှိစေရန်နှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်တို့အတွက် ပြင်ဆင် ထားပြီး ဖြစ်ပါသဖြင့် ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံ

ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂:၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီ အလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၂၀။**

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စားကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ကျွန်တော် ဦးစိုးမိုး ကနေပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက် ဖြစ်တဲ့ အပိုဒ် ၂(ဂ)(င)၊ အပိုဒ် ၃(ဂ)၊ အပိုဒ် ၄၊ အပိုဒ် ၇(က)၊ အပိုဒ် ၈၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅(က)(ခ)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈ တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဂ)(င)၊ အပိုဒ် ၃(ဂ)၊ အပိုဒ် ၄၊ အပိုဒ် ၇(က)၊ အပိုဒ် ၈၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅(က)(ခ)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၂ (စ)(ဈ)၊ အပိုဒ် ၁၃ တို့ကို လွှတ်တော်က ပယ်ဖျက်ပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ယခုပြင်ဆင်ချက်များဖြင့် အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း လွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၂:၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ၂၃-၈-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၉)ဖြင့် ထုတ်ပြန်ခဲ့သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ၁၃-၁၂-၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည့် ပြင်ဆင်ချက်ဇယားကို ၁၈-၁၂-၂၀၁၉ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူမှာဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၂:၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၉-၇-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၉၄/၂၀၁၉)ဖြင့် ထုတ်ပြန်ခဲ့သော အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ၁၂-၁၂-၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည့် ပြင်ဆင်ချက်ဇယားကို ၁၈-၁၂-၂၀၁၉ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်

မြောက်နေ့ကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၂:၂၆ နာရီအချိန်တွင် ရပ်နားပါသည်။]